မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၀၉)

ပတိရူပဒေသဝါသောစ တော် မင်္ဂလ မုတ္တမံ

သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးစံပြစိုက်ခင်း ကြည့်ရှုစစ်ဆေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ နဝဒေးစံပြစိုက်ခင်းသို့ ရောက်ရှိပြီး စံပြစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များနှင့် ခူးဆွတ်အခြောက်လှန်းထားသော ကြက်ဆူစေ့များကို လည်းကောင်း၊ တိုင်ထောင်ပဲ၊ ဗိုလ်စားပဲ၊ ကိုက်လန်၊ မုန်လာဥ၊ သင်္ဘော၊ သရက်နှင့် ဘူးပင်များအပါအဝင် ဆောင်းသီးနှံနှင့် သီးပင်စားပင်များကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းစစ်ဌာနချုပ် ကြက်မွေးမြူရေးခြံနှင့် ဆိတ်မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နဝဒေးစံပြစိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် နဝဒေးစံပြစိုက်ခင်းအတွင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ခရမ်းချဉ်သီးစားသုံးခြင်း ကိုလက်စထရောကျနိုင်

ခရမ်းချဉ်သီးသည် အနည်းငယ်ဖန်သော အရသာရှိသည်။ အထူးသဖြင့် ချဉ်သော အရသာနှင့် ချိုသောအရသာလည်းရှိသည်။ နှစ်စဉ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း လှိုင်လှိုင်ပေါများစွာထွက်ရှိသော သီးနှံဖြစ်သည်။

အများဆုံးပါဝင်

ခရမ်းချဉ်သီးကို နေရာဒေသလိုက်၍ အနီ၊ လိမ္မော်၊ အစိမ်း၊ အညိုနှင့် အဝါဖျော့ဖျော့အရောင်များအဖြစ် တွေ့ရလေ့ရှိသည်။ ခရမ်းချဉ်သီးတွင် ဗီတာမင်စီ၊ ဗီတာမင်အေ၊ ဗီတာမင်ကေ၊ ပိုတက်ဆီယမ်၊ မင်းဂနိစ်၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၆၊ ကော့ပါး၊ ဗီတာမင်ဘီ-၃၊ ဗီတာမင်ဘီ-၂၊ မဂ္ဂနီဆီယမ်၊ သံဓာတ်၊ ဗီတာမင်ဘီ-၅၊ ဖော့စပရပ်စ်၊ ဗီတာမင်အီး၊ ပရိုတင်းနှင့် ကယ်လိုရီဓာတ်များ ပါဝင်သည်။ ခရမ်းချဉ်သီး၌ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်စီဖြစ်ပြီး ဒုတိယအများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်အေဖြစ်သည်။ ဗီတာမင်စီပါဝင်မှုအချိုးအစားမှာ ၅၇ဒသမ ၃ ရာခိုင်နှုန်းအထိရှိသည်။

ခရမ်းချဉ်သီးကို သီတင်းတစ်ပတ်လျှင် လေးရက်ခန့် ပုံမှန်စားသုံးပါက ခန္ဓာကိုယ်အတွင်း သွေးဖြူဥများခြင်းကို ကာကွယ်ပေးနိုင်သည့်အပြင် နှလုံးသွေးကြောကျဉ်းခြင်းနှင့် သွေးကြောပိတ်မှုများကိုလည်း ဟန့်တားပေးနိုင်သည်။

လျှော့ချပေး

ထို့အပြင် အဆုတ်ရောဂါဖြစ်ပွားမှုနှင့် ရင်သားကင်ဆာဖြစ်ပွားမှုများကို လျော့ပါးစေပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုပေးနိုင်ကြောင်း၊ ခန္ဓာကိုယ်တွင်း ကိုလက်စထရောများနေမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

သတင်းနှင့်ဆောင်းပါးအညွှန်း

- ကံဇာတ်ဆရာ၏ စေစားရာ — နိုင်ငံတကာမှုခင်း စာ – ၃
- အာဖရိကသမဂ္ဂ (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကျင်းပမည် — စာ –၄
- တရုတ်နိုင်ငံထုတ် မော်တော်ကားများ အမေရိကန်ဈေးကွက်သို့ ထိုးဖောက်လာနိုင် — စာ –၅
- ရုရှားနိုင်ငံ တိုက်ခန်းတစ်ခန်း၌ ဓာတ်ငွေ့ပေါက်ကွဲ — စာ –၆
- ကမ္ဘာတစ်ဝန်း ဂယက်ရိုက်ခတ်နေသည့် ရေနံဈေးနှုန်း — သတင်းအက်ဆေး စာ –၇
- မြတ်ဗုဒ္ဓမဗ္ဗိမ၏ အနှိုင်းမဲ့ရတနာ ဓာတ်ပုံပြပွဲ — တင်စိုး၏ သတင်းဆောင်းပါး စာ – ၁၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်)

ပြည်ပဝယ်လိုအားကောင်းသည့် ဆေးဖက်ဝင်သစ်ခွများ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၌ ဆေးဖက်ဝင်အပင် မြောက်မြားစွာပေါက်ရောက်လျက်ရှိသည်။ သစ်ခွကို ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုနိုင်၍ ပြည်ပဝယ်လိုအားကောင်းနေသည်။

ဆေးဖက်ဝင်သစ်ခွပင်များကို ပန်းအိုးများဖြင့်စိုက်ပျိုးခြင်း၊ စင်တင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ချိတ်ဆွဲစနစ်၊ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် အပင်ကြီးများတွင် တွယ်ကပ်စနစ်ဖြင့် စိုက်ပျိုးခြင်းများ ပြုလုပ်နိုင်သည်။

မြန်မာနိုင်ငံတွင် ဆေးဖက်ဝင်သစ်ခွ မျိုးစိတ်ပေါင်း၅၀ကျော် ရှိသည့်အနက် မျိုးစိတ်ပေါင်း၂၀ကို ပြင်ဦးလွင်ဒိုးကွင်စိုက်ပျိုးရေးခြံ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သုတေသနပြုစိုက်ပျိုးထားသည်။ ဒိုးကွင်စိုက်ပျိုးရေးခြံ၌ စိုက်ပျိုးလျက်ရှိသော ဆေးဖက်ဝင်သစ်ခွများမှာ ဒေါင်းမြီးသစ်ခွ၊ ဆင်မျက်ကွင်းသစ်ခွ၊ ဝါဆိုပန်းသစ်ခွ၊ အာမဲလက်တံရှည်သစ်ခွ၊ အာမဲလက်တံတိုသစ်ခွ၊ မြက်သစ်ခွ စသည်တို့သည် မျိုးကောင်းဆေးဖက်ဝင်သစ်ခွများ ဖြစ်သည်။

ဆေးဖက်ဝင်သစ်ခွများကို သုတေသနပြု ထုတ်လုပ်လျက်ရှိရာ ပင်စည်မှတစ်ဆင့် မျိုးပွားခြင်း၊ အသီးစိမ်းမှတစ်ဆင့် မျိုးပွားယူခြင်းနှင့် တစ်သျှူးနည်းဖြင့် မျိုးပွားခြင်းစသည့် မျိုးပွားယူခြင်းနည်းများဖြင့် စမ်းသပ်ဆောင်ရွက်လျက် ရှိသည်။

ဆေးဖက်ဝင်သစ်ခွများကို အားဆေး၊ အာရုံကြောဆေး၊ သွေးကျဲဆေး၊ အဖျားပျောက်ဆေး၊ အသည်းအားဆေးများ ဖော်စပ်ထုတ်လုပ်ရာတွင် ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ပြီး ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပတင်ပို့နိုင်ရေးအတွက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူများအနေဖြင့် ပြည်ပဝယ်လိုအားကောင်းသော ဆေးဖက်ဝင်သစ်ခွများကို ရာသီဥတုသင့်လျော်သော ဒေသများ၌ ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

မရမ်းကုန်းမြို့နယ် အထက(၂) (ယခင်စိန့်ဂျူ့စ်အကယ်ဒမီ)၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် အထက(၂)မရမ်းကုန်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အထက(၂)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ခင်မြတ်သူ ဖုန်း-၀၉-၈၀-၂၅၁၉၉၊ ၆၄၁၆၁၄၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်နီနီ အထက(၂) ဖုန်း-၆၆၂၀၇၈၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၆၄၂၅၃၊ ဦးကျော်လေး ဖုန်း-၆၆၃၁၃၅၊ ဦးထွန်းထွန်း ဖုန်း-၀၉-၅၁-၆၇၅၈၉နှင့်ဦးသောင်းဟန်၊ ဦးဝင်းလှိုင် ဖုန်း-၆၅၀၄၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် ရိပ်သာ ဆောက်လုပ် ရန် အ တွက် ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ၃ရပ်ကွက် အောင်သဇင်ဗိုလ်ချုပ်လမ်းအမှတ် ၁၈၃ နေ ဦးဉာဏ်ထွန်း - ဒေါ်ခင်ရွှေ

မိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌဦးကျော်ဦး လက်ခံယူစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာ သ နာ ပြု မြန် မာကျောင်း တော်ကြီး ဖြစ် မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၆(ဃ) မဂ္ဂင်လမ်းကျောက်ကုန်း ရန်ကင်းနေ မိခင်ကြီး ဒေါ်ရှုအင်နှင့် အစ်ကိုကြီး ဦးအောင်သိန်းတို့အား ရည်စူး၍

ဒေါ်လှငွေနှင့်ဒေါ်မြမြတို့က ငွေကျပ်နှစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁)ကျောင်းသားဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၃ရက် မွန်းလွဲ၁နာရီက အဆိုပါကျောင်း မေတ္တာရိပ်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ကျင်းပရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်အောင်က အခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာ၊ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။**(အောက်ပုံ)**

ထို့နောက် အလှူရှင်ဦးချိုအေး (ACA)မိသားစုနှင့် အလှူရှင်များက ထာဝရငွေပဒေသာပင်များနှင့် ကျောင်းတော်ကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် လက်ခံယူပြီး ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမောင်မောင်စိုးတင့်နှင့် ဆရာမကြီးဒေါ်စိန်ချစ်တို့က ဩဝါဒစကားပြန်လည်ပြောကြားကြသည်။

(က-ပ)

သာယာဝတီ မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

သာယာဝတီမြို့နယ်အသင်း၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ကျွန်းတောကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ အသင်းဝင်များ၏ သားသမီးများ၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့်ထူးချွန်တံဆိပ်ချီးမြှင့်ခံရသူပုဂ္ဂိုလ် မြို့နယ်သားများနှင့် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူ အသင်းဝင်များသည် အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှကြည် ဖုန်း-၀၉-၈၀-၂၂၃၁၆၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း-၀၉-၅၀- ၃၅၄၀၄နှင့် တွဲဖက်အတွင်းရေးမှူး ကိုသက်မော်ဦး ဖုန်း-၂၉၂၈၂၈ တို့သို့ ဇန်နဝါရီ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။ **(က-ပ)**

မြဝတီ ရုပ်မြင်သံကြား

၁၇-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှာဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ် ချိုနှာဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၁၄)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၀)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၄)

ပါလက်စတိုင်း ဂျီဟတ်ခေါင်းဆောင်တစ်ဦး အစ္စရေးတပ်များနှင့် တိုက်ခိုက်စဉ်သေဆုံး

ဂျေနင် ဇန်နဝါရီ ၁၆

ပါလက်စတိုင်းစစ်သွေးကြွအုပ်စု အစ္စလာမ့်ဂျီဟတ်အဖွဲ့ စစ်ဘက်ခေါင်းဆောင် ဝါလစ်အိုဘေဒီအား အနောက်ဘက်ကမ်း စီးနင်းတိုက်ခိုက်မှုတွင် အစ္စရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်လိုက်သည်။

မျက်မြင်

ဂျေနင်မြို့အနီး ကာဘာတီးယားရွာအတွင်း အပြန်အလှန်ပစ်ခတ်ကြစဉ် ဝါလစ်အိုဘေဒီ သေဆုံးသွားခြင်းဖြစ်သည်ဟု တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အိုဘေဒီ၏ သက်တော်စောင့်နှစ်ဦးမှာလည်း ဒဏ်ရာရပြီး အဖမ်းခံလိုက်ရသည်။ အဆိုပါစစ်သွေးကြွအုပ်စုသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်းက ဂါဇာ ကမ်းမြောင်မှ အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များ အများဆုံးပစ်ခတ်တိုက်ခိုက်သည့်အဖွဲ့ဖြစ်သည်။

အသေခံ

ထို့ပြင် အစ္စရေးနိုင်ငံအတွင်း အသေခံတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်ဟုလည်း အစ္စလာမ့်ဂျီဟတ်အဖွဲ့ စစ်ရေးတာဝန်ယူသူများက ပြောဆိုသည်။ **(အင်တာနက်)**

ငွေပုံအောသုံးသော်လည်း ပြိုင်ဘက်များကို ရှုံးခဲ့သူရွမ်နေး မစ်ချီဂန် အကြိုရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့

ချားလက်စတန် ဇန်နဝါရီ ၁၆

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ရီပတ်ဘလီကင်သမ္မတလောင်း ယှဉ်ပြိုင်သူများအနက် မစ်ချီဂန် အကြိုရွေးကောက်ပွဲတွင် ယနေ့ရွမ်နေးက အထက်လွှတ်တော်အမတ် မက်ကိန်းအပေါ် အနိုင်ယူလိုက်သည်။

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးနေသော ရွမ်နေး၏ဟန်ပန်။

ရွမ်နေးက ၎င်း၏ပြိုင်ဘက်အား ယင်းသို့အနိုင်ရခြင်းမှာ မိမိပြန်လာခြင်း၏ အစပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရှုံးနိမ့်

ရွမ်နေးသည် သူ့ပြိုင်ဘက်များထက်ငွေကြေးပိုမိုသုံးစွဲရုံမက အကောင်းဆုံးမဲဆွယ်စည်းရုံးသော်လည်း ဇန်နဝါရီ ၃ ရက်က အိုင်အိုးဝါးပြည်နယ်နှင့် နောက် ငါးရက်အကြာ နယူးဟမ်းရှိုင်းယား အကြိုရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့သည်။

ချီးကျူး

မက်ဆာချူးဆက်ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့် ကြွယ်ဝသော လုပ်ငန်းရှင် ရွမ်နေးအတွက် မစ်ချီဂန်ပြည်နယ်သည် အခရာကျသည့် ဒေသဖြစ်သည်။ ၎င်းအား ပြိုင်ဘက် မက်ကိန်းက နှုတ်ဆက်ချီးကျူးသည်။

အခြားပြိုင်ဘက် တစ်ဦးဖြစ်သူ ဟတ်ကာဘီးကမူ ယခုရှုံးသဖြင့် တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲအတွက် အားခဲနေသည်။

ထောက်ခံမှု

အစီအစဉ်ရေးဆွဲမှုနှင့် စပ်လျဉ်း၍ အငြင်းပွားသဖြင့် မစ်ချီဂန် အကြိုရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်း မပါဝင်ချေ။

မစ်ချီဂန်တွင် ရွမ်နေးက ၃၉ ရာခိုင်နှုန်း၊ မက်ကိန်းက ၃၀ရာခိုင်နှုန်း၊ နှင့် ဟတ်ကာဘီးက ၁၆ရာခိုင်နှုန်း ထောက်ခံမှု အသီးသီးရရှိသည်။ **(အင်တာနက်)**

နော်ဝေသတင်းစာဆရာတစ်ဦး ကဘူးလ်မြို့၌ တိုက်ခိုက်ခံရပြီးသေဆုံး

စတော့ဟုမ်း ဇန်နဝါရီ ၁၆

နော်ဝေသတင်းစာဆရာ ကာစတန်သွန်မက်ဆင်သည် အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်မြို့၌ ဇန်နဝါရီ ၁၄ရက်က အကြမ်းဖက်သမားတစ်ဦး၏ တိုက်ခိုက်ခံရသဖြင့် သေဆုံးသွားကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဖော်

သွန်မက်ဆင်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဂျိုနတ်စ်ဂါဟာ စတိုးရီနှင့်အတူ အာဖဂန်နစ္စတန်နိုင်ငံသို့ လာရောက်ရာတွင် အဖော်အဖြစ် လိုက်ပါလာခဲ့သူဖြစ်ကြောင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပူဆွေးမိ

မိမိနှင့်အတူ လိုက်ပါလာခဲ့သူ သွန်မက်ဆင်၏အသက်ကို ဆီရီနာဟိုတယ်၌ အကြမ်းဖက်တိုက်ခိုက်ခံရစဉ် မကယ်လိုက်နိုင်၍ အလွန်ပင် ဝမ်းနည်းပူဆွေးမိကြောင်း အဆိုပါ နော်ဝေနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ ချီ ကာ ဂို မြို့ တွင် စတင်တည်ဆောက်လျက် ရှိ သည့် ကမ္ဘာ့ အမြင့်ဆုံး အ ဆောက် အ အုံ တည် ဆောက် ရေး လုပ် ငန်း ခွင် ကို ဇန်နဝါရီ ၁၆ ရက် က ဤသို့ တွေ့ရ သည်။

(အင်တာနက်–ခာတ်ပုံ)

ရွေးကောက်ပွဲတွင် အနိုင်ရသော ပီပီပီပါတီ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန်အသင့်ရှိနေဟုဆို

ဗန်ကောက် ဇန်နဝါရီ ၁၆

ပြီးခဲ့သည့်လက အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ထိုင်းပြည်သူ့စွမ်းအားပါတီ(ပီပီပီ)က ယခုသီတင်းပတ်ကုန်ပိုင်း၌ ၎င်း၏ညွန့်ပေါင်းအစိုးရကို ထုတ်ဖော်ကြေညာသွားရန်အသင့်ရှိနေကြောင်း ပီပီပီအတွင်းရေးမှူးချုပ် ဆူရာပေါင်း ဆပ်ဝင်ဂလီက တနင်္လာနေ့တွင် ပြောကြားသည်။

ဖော်ပြ

ပါလီမန်အစည်းအဝေးကို ကျင်းပရန် ချဉ်းကပ်လိုက်ခြင်းဖြစ်သကဲ့သို့ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန်လည်း အချိန်ကျရောက်လာကြောင်း၊ ညွန့်ပေါင်းအစိုးရကို လာမည့် သောကြာ သို့မဟုတ် စနေနေ့တွင် ထုတ်ဖော်ကြေညာရန် လိုအပ်လာကြောင်း နေးရှင်းသတင်းစာက ဖော်ပြသည်။

ပါတီခေါင်းဆောင် ဆာမတ်ဆန်ဒါရာဗေ့ချ်သည် ဝန်ကြီးချုပ်ဖြစ်လာနိုင်ကြောင်း၊ ပီပီပီ၏ ဒုတိယခေါင်းဆောင် ယန်ရွတ်တီယာပိုင်ရတ်သည်လည်း လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာဖွယ်ရှိကြောင်း ဆူရာပေါင်းက အတည်ပြုပြောကြားသည်။

အနိုင်ရ

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က အထွေထွေရွေးကောက်ပွဲကိုကျင်းပရာ ပီပီပီက အမတ်နေရာ ၄၈၀ ရှိရာတွင် စုစုပေါင်း ၂၃၃ မဲဖြင့် အနိုင်ရခဲ့သည်။ ထိုအတောအတွင်း ဒီမိုကရက်တစ်ပါတီက ၁၆၅ မဲ၊ ချက်ထိုင်းပါတီက ၃၇မဲ၊ ပန်ဒင်ပါတီက ၂၄ မဲ၊ ပတ္တနား ပါတီက ကိုးမဲ၊ တီပါတာယာပါတီက ခုနစ်မဲနှင့် ပရာချာရက်ပါတီက ငါးမဲ အသီးသီး အနိုင်ရရှိခဲ့သည်။

ချိန်ခွင်လျှာ

ယခုအထိ ပရာချာရက်၊ တီပါတာယာ၊ ချက်နှင့် ပတ္တနားတို့သည် ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်း ပီပီပီဦးဆောင်သော မဟာမိတ်များနှင့် ချိန်ခွင်လျှာ ဖြစ်နေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကံဇာတ်ဆရာ၏ စေစားရာ



ဒက်ထရိုက်မြို့သည် အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ် အရှေ့တောင်ပိုင်း ဒက်ထရိုက်မြစ်ကမ်းပါးရှိ ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေတစ်သန်းကျော်ရှိပြီးသာယာလှပစည်ကားသည်။

တာဝန်ထမ်းဆောင်

ဒက်ထရိုက်မြို့ဇာတိ ဂျွန်ဒီအာရ် အက်ချီဆန် **(အပေါ်ပုံ)** သည် ဥပဒေဘွဲ့ရရှိပြီး ဒက်ထရိုက်မြို့မှ အနောက်တောင်ဘက် ၃၆မိုင် အကွာရှိ ဖလော်ရိဒါ ပြည်နယ်မှ မီလန်မြို့ကလေးတွင် လက်ထောက် ရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ အက်ချီဆန် တွင် ဇနီးနှင့် သားသမီးသုံးဦးရှိသည်။ မိသားစုမှာ ၎င်းတာဝန်ကျရာမြို့သို့ မလိုက်ပါနိုင်သဖြင့် ၎င်းတစ်ဦးတည်းသာ နေထိုင်ခဲ့ရသည်။

အေးချမ်းတည်ငြိမ်

အက်ချီဆန်သည် ရိုးသားပြီး တည်ကြည်ဖြောင့်မတ်သည့် ရှေ့နေတစ်ဦးဖြစ်သဖြင့် တရားရေးလောကတွင် ကောင်းသတင်းနှင့် ကျော်ကြားသူဖြစ်သည်။ ထို့ကြောင့် သူ၏ ဘဝကလေးမှာ အေးချမ်းတည်ငြိမ်နေခဲ့သည်။

အနက်ရှိုင်းဆုံး

သို့သော်လည်း တစ်နေ့တွင် သူ၏ ဘဝ၌ အကြီးအကျယ် ဒုက္ခတွေ့ရမည်ဟု မည်သို့မျှ ကြိုတင်မခန့်မှန်းနိုင်ခဲ့ချေ။ အက်ချီဆန်သည် တာဝန်ကျရာမြို့တွင် သူ၏ အိမ်ဘေးမှ အမျိုးသမီးနှင့် ငါးနှစ်အရွယ် သမီးငယ်တို့နှင့် ခင်မင်ခဲ့ကြသည်။ အက်ချီဆန်အနေဖြင့် ရိုးရိုးသားသား ခင်မင်ခဲ့သော်လည်း အဆိုပါ အမျိုးသမီး၏ ဖတဆိုးသမီးမှာ အက်ချီဆန်အပေါ် ဖခင်သဖွယ် သံယောဇဉ်တွယ်နေခဲ့ခြင်းကပင် သူ့အား အနက်ရှိုင်းဆုံးချောက်ကမ်းပါးအတွင်းသို့ ဆွဲချသွားခဲ့တော့သည်။

အက်ချီဆန်သည် ၂၀၀၇ ခုနှစ် စက်တင်ဘာလဆန်း၌ ခွင့် ၁၀ ရက်ယူကာ ဒက်ထရိုက်မြို့သို့ ပြန်ရန် စီစဉ်ပြီး သူ၏အိမ်အတွက် အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းအများအပြား ဝယ်ယူကာ လေယာဉ်စီးမည့် နံနက်၌ ၎င်းပိုင်ကားဖြင့် ထွက်ခဲ့တော့သည်။ လေဆိပ်ရောက်ပြီး ပစ္စည်းများထုတ်ယူသောအခါမှ ကားအတွင်းတွင် အိပ်ပျော်နေသော ၎င်းမိတ်ဆွေ၏ သမီးငယ်ကို တွေ့ရလေတော့သည်။ လေယာဉ်ထွက်ခါနီး၍ ပြန်ပို့ရန်လည်း မဖြစ်နိုင်တော့သဖြင့် သူ့အပေါ်တွင် ဖခင်သဖွယ် ခင်မင်တွယ်တာနေသူ ကလေးငယ်ကို ဒက်ထရိုက်မြို့သို့ ခေါ်ဆောင်သွားမိတော့သည်။ ကလေး၏ မိဘနှင့် လူချင်းရင်းနှီးနေသဖြင့် ခွင့်ခံစားစဉ် ကာလအတွင်း အကြောင်းမကြားမိတော့ချေ။

နောင်တရ

ခွင့်စေ့၍ ပြန်လာသောအခါတွင်မှ မိတ်ဆွေ၏ သမီးငယ်ကို ခေါ်ဆောင်သွားပြီး အကြောင်းမကြားမိခဲ့သည်ကို အက်ချီဆန်အနေဖြင့် နောင်တ အကြီးအကျယ်ရမိတော့သည်။ မိတ်ဆွေအမျိုးသမီးက ၎င်းအား သူ၏သမီးကို ခေါ်သွားပြီး အဓမ္မပြုကျင့်သည်ဟု အခိုင်အမာစွပ်စွဲကာ တရားစွဲတော့သည်။ ထို့ကြောင့် တရားဥပဒေကို လေးစားလိုက်နာပြီး ရာဇဝတ်မှုကို မကျူးလွန်ဖူးသူ အက်ချီဆန်သည် ပြစ်မှုမကျူးလွန်ခဲ့ပါဘဲ အဖမ်းခံခဲ့ရတော့သည်။ တရားရေးဝန်ထမ်းဖြစ်သည့် သူ့အနေဖြင့် အသက် ၁၂နှစ်အောက် အမျိုးသမီးငယ်ကို အဓမ္မပြုကျင့်ပါက အနည်းဆုံးနှစ် ၃၀ နှင့် အများဆုံးတစ်သက်တစ်ကျွန်းထောင်ဒဏ်ကျခံရမည်ကို သိသလို ကျူးလွန်ရန်လည်း ဘယ်တုန်းကမျှ စိတ်မကူးခဲ့ချေ။ ရိုးသားပြီး မဟုတ်မခံစိတ်ရှိသူ အက်ချီဆန်သည် အဖမ်းခံရပြီး နှစ်ရက်အကြာတွင် သူ့ကိုယ်သူ သေကြောင်းကြံစည်ခဲ့သော်လည်းထောင်သားတစ်ဦး၏ အော်ဟစ်ပြီး ထောင်မှူးများထံ အကြောင်းကြားမှုကြောင့် သေကံမရောက် သက်မပျောက်ခဲ့ပေ။ ထောင်မှူးများက စိတ်ချယုံကြည်ပြီး လွှတ်ထားသော ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင်မူ သူ့ကိုယ်သူ သေကြောင်းကြံစည်မှုဖြစ်မြောက်သွားတော့သည်။ မလှုပ်ရှားတော့သော သူ၏ခန္ဓာကိုယ်ကို ဆေးရုံပို့ခဲ့သော်လည်း သူ၏အသက်ကို မကယ်တင်နိုင်ခဲ့ပေ။

သင်ခန်းစာပေး

မည်သူမဆို လုပ်ရပ်တစ်ခုကို မိမိဘက်မှ ရိုးသားစွာ ဆောင်ရွက်သော်လည်း ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးကိုကြိုတင်တွေးတောတွက်ဆကာ လုပ်ဆောင်သင့်ကြောင်း ကံဇာတ်ဆရာ၏ စေစားရာကို ခံခဲ့ရသော အက်ချီဆန်၏ဖြစ်ရပ်က သင်ခန်းစာပေးနေပေတော့သည်။ ။

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

စပိန်ရွေးကောက်ပွဲ လာမည့်မတ်လ၌ ကျင်းပမည် ပါဝင်ယှဉ်ပြိုင်မည့် ပါတီများ မဲဆွယ်စည်းရုံးရေးပြင်ဆင်

မက်ဒရစ် ဇန်နဝါရီ ၁၆

စပိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို လာမည့် မတ် ၉ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း စပိန်အစိုးရက ဇန်နဝါရီ ၁၅ရက်၌ သတင်းထုတ်ပြန်လိုက်ပြီဖြစ်သည်။ စပိန်အစိုးရက တင်ပြလိုက်သည့် အထွေထွေရွေးကောက်ပွဲရက်ကိုလည်း စပိန်ပါလီမန်က အတည်ပြုပေးလိုက်သည်။

ထိုသို့ စပိန်ရွေးကောက်ပွဲ ကျင်းပရန်အတွက် စပိန်ဝန်ကြီးချုပ် ဂျို့လူးရစ်ရိုဒီရီ ရဇ်ဇာပါတီရိုနှင့် စပိန်ဘုရင်ဂွါန်ကာလို့စ်က သဘောတူ လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။

အစားထိုး

စပိန်နိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ရွေးကောက်ပွဲများ ကျင်းပမှု ပြုလုပ်ခြင်းဖြစ်ကြောင်း စပိန်အစိုးရက သတင်းထုတ်ပြန်သည်။

ပြင်ဆင်

လက်ရှိစပိန်ဝန်ကြီးချုပ် ဇာပါတီရို၏ ဆိုရှယ်လစ်ပါတီသည် နောက်ထပ် လေးနှစ် သက်တမ်းအာဏာရရှိရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မဲဆွယ်စည်းရုံးမည်ဖြစ်သည်။

ပြောကြား

ဆိုရှယ်လစ်ပါတီ အနေဖြင့် လာမည့်ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ရွေးချယ်မှုများကို ယခုမှ စတင်ကာ ကြိုတင် စာရင်းပြုစုရေး ပြင်ဆင်နေပြီဖြစ်ကြောင်း ဆိုရှယ်လစ်ပါတီမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ စပိန်ဘုရင်ဂွါန်ကာလို့စ်က လာမည့်မတ်လတွင် ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဇန်နဝါရီ ၁၅ရက်က ပြောကြားစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရန်နျူကလီးယားအစီအစဉ်ဖြေရှင်းရေး ကုလအမြဲတမ်းငါးနိုင်ငံမှ ဝန်ကြီးများဆွေးနွေးမည်

ဘာလင် ဇန်နဝါရီ ၁၆

အီရန်၏ နျူကလီးယားအရေးနှင့်ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို လာမည့်သီတင်းပတ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး အီရန်တို့၏ ပြောင်းလဲမှုမရှိသော အနေအထားကြောင့် ထပ်မံအရေးယူမှုဆိုင်ရာ ဆွေးနွေး သုံးသပ်မှုများကို အဆိုပါနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌အကြိတ်အနယ်ဆွေးနွေးကြမည်ဖြစ်သည်။

ထိုဆွေးနွေးပွဲသို့ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ အမေရိကန်နှင့်ရုရှားတို့မှ နိုင်ငံခြားရေးဝန်ကြီးများ အပါအဝင် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးလည်း တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ တရုတ်နှင့်ရုရှားတို့က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် ဖြစ်သဖြင့် အရေးယူမှု လိုအပ်ခြင်းရှိမရှိကိုလည်း အဆိုပါ ဆွေးနွေးပွဲ၌ မေးမြန်းကြမည်ဖြစ်သည်ဟု ဆိုသည်။

အီရန်တို့က နျူကလီးယားစွမ်းအင်အတွက် ယူရေနီယံများ သန့်စင်ခြင်းကို ဆက်လက်ပြုလုပ်နေခြင်းဖြစ်သည်ဟု ပြောကြားထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်နိုင်ငံ အစ်ဖာဟန် နျူကလီးယား ဓာတ်အားပေး စက်ရုံ၏ မြင်ကွင်းကို ဇန်နဝါရီ ၁၅ရက်က ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

လက်ဘနွန်သမ္မတသစ်ရွေးချယ်ရေး လိပ်ခဲတည်းလည်းဖြစ်နေ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စူလေမန်သမ္မတဖြစ်လာမည်လော

ဘေရွတ် ဇန်နဝါရီ ၁၆

လက်ဘနွန်သမ္မတ ရွေးချယ်တင်မြှောက်ရေးအတွက် လိပ်ခဲတည်းလည်းဖြစ်နေမှုကို အာရပ်အဖွဲ့ချုပ်က ပါဝင်ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာက ပြောကြားလိုက်သည်။

အာရပ်အဖွဲ့ချုပ်ကလည်း လက်ဘနွန်သမ္မတအဖြစ် လက်ဘနွန် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုက်ကယ်စူလေမန်ဖြစ်သင့်ကြောင်း တိုက်တွန်းအကြံပြုထားသည်။ သို့သော် လက်ဘနွန်ရှိ အတိုက်အခံ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များက သတိရှိရှိဖြင့် သဘောတူထားသည်။

သဘောတူ

လက်ဘနွန်သမ္မတအဖြစ် အစဉ်အလာအရ မာရိုအိုက်ခရစ်ယာန်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ကြီးစူလေမန်ဖြစ်သင့်ကြောင်း လက်ဘနွန်အစိုးရနှင့် အတိုက်အခံတို့ သဘောတူထားသည်။ သို့ရာတွင် အနာဂတ်အစိုးရအဖွဲ့ ဖွဲ့စည်းရေး၌ လက်ဘနွန်အစိုးရနှင့် အတိုက်အခံတို့ ညှိနှိုင်း၍မရဘဲ ဖြစ်နေသည်။

လက်ဘနွန်သမ္မတရွေးချယ်ရေးနှင့် ပတ်သက်၍ (၁၂)ကြိမ်မြောက် ရွှေ့ဆိုင်းလိုက်ရပြီးနောက် ဆီးရီးယားအပါအဝင် အခြားအာရပ်နိုင်ငံများက စုပေါင်းပါဝင်ကူညီဖြေရှင်းကြရန် အာရပ်အဖွဲ့ချုပ်က တိုက်တွန်းထားသည်။

လက်ဘနွန်နိုင်ငံတွင် အနောက်အုပ်စု ထောက်ခံထားသည့် လက်ဘနွန်အစိုးရနှင့် ဆီးရီးယားထောက်ခံမှုရရှိထားသည့် အတိုက်အခံတို့အကြား အငြင်းပွားမှုဖြစ်ကာ လက်ဘနွန်သမ္မတ ရွေးချယ်ရေး၌ အခက်အခဲဖြစ်လျက်ရှိသည်။ **(အင်တာနက်)**



ပြင်သစ်နှင့် နိုင်ဂျာတို့ နျူကလီးယား စွမ်းအင် ပူးပေါင်း ဆောင်ရွက်မည်

ပါရီ ဇန်နဝါရီ ၁၆

နိုင်ဂျာနှင့် ပြင်သစ်နိုင်ငံတို့သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များအတွင်း နျူကလီးယားစွမ်းအင်ရရှိရေးနှင့် ထုတ်ယူသုံးစွဲရေးတို့၌ ပူးပေါင်းဆောင်ရွက်သွားရန် ဇန်နဝါရီ ၁၅ရက်တွင် သဘောတူညီလိုက်ကြသည်။

နိုင်ဂျာနှင့် ပြင်သစ်နိုင်ငံတို့သည် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘာတူညီမှုကို ပြီးခဲ့သည့် ၂၀၀၇ခုနှစ် နိုဝင်ဘာလမှ စတင်ရရှိခဲ့ပြီးဖြစ်သည်။ နိုင်ဂျာနိုင်ငံတွင် ၂၀၀၇ ခုနှစ်က စွမ်းအင်အကျပ်အတည်း ပေါ်ပေါက်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြင်သစ်နိုင်ငံနှင့် နျူကလီးယားစွမ်းအင်ကိစ္စ ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်တွင် ယူရေနီယံဈေးနှုန်းများ တိုးမြင့်လျက်ရှိရာ နှစ်နိုင်ငံတို့အနေဖြင့် ယူရေနီယံဈေးနှုန်းများ သတ်မှတ်ရေးကိုလည်း သဘောတူညီခဲ့ကြသည်။ ပြင်သစ်နိုင်ငံအစိုးရပိုင် အရီဗာကုမ္ပဏီအနေဖြင့် ယူရေနီယံများ သတ်မှတ်ဈေးနှုန်းဖြင့် နိုင်ဂျာနိုင်ငံအား ရောင်းချပေးမည်ဖြစ်ကြောင်း အရီဗာကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောကြားသည်။

ပြင်သစ်အစိုးရအနေဖြင့် နိုင်ဂျာတွင် နျူကလီးယားစွမ်းအင်ရရှိရေး စီမံကိန်းနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁ဒသမ၆ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ နိုင်ဂျာနိုင်ငံ၌ ယူရေနီယံထုတ်ယူနိုင်မည့် အရင်းအမြစ်များရှိကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နေရာသစ်များအား ရွေးချယ်မည့် အာဖရိကသမဂ္ဂ (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကျင်းပမည်

အဒစ်အဘာဘာ ဇန်နဝါရီ ၁၆

အာဖရိကသမဂ္ဂ(အေယူ)၏ (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ ဇန်နဝါရီ ၃၁ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် အေယူထိပ်သီးအစည်းအဝေး၌ အေယူသမဂ္ဂဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နေရာများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ထို့အပြင် အေယူအဖွဲ့ဝင်များကိုလည်း ပြန်လည်ရွေးချယ်တာဝန်ပေးသွားမည်ဖြစ်သည်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ဇန်နဝါရီ ၁၅ရက်က ရောက်ရှိလာသော အာဖရိကသမဂ္ဂဥက္ကဋ္ဌတာဝန် ယူထားသည့် ဂါနာသမ္မတ ဂျွန်ကူဖူရာ (ဝဲ) **ကို တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

ချမှတ်

"စက်မှု ဖွံ့ဖြိုးတိုးတက်လာမည့် အာဖရိက" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည့်(၁၀)ကြိမ်မြောက်အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် အေယူအဖွဲ့ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အားလုံးကို ပြန်လည်ရွေးချယ်တာဝန်ပေးသွားမည်ဖြစ်သည့်အပြင် အေယူ၏ လုပ်ငန်းဆောင်ရွက်မှု စီမံကိန်းအသစ်များကိုလည်း ချမှတ်သွားမည် ဖြစ်သည်။

ရွေးချယ်ခန့်အပ်

အဆိုပါ အေယူထိပ်သီးအစည်းအဝေး၌ အေယူ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များကိုလည်း ရွေးချယ်ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်သည်။ တစ်ဖန် ၂၀၀၈ ခုနှစ်အတွက် အေယူ၏ ဘတ်ဂျက်အသုံးငွေများကိုလည်း စိစစ်ချမှတ်သွားမည် ဖြစ်သည်။ **(အင်တာနက်)**

ဥရောပကို ခြေကုပ်ယူသည့် အကြမ်းဖက်မှု အမေရိကန်လုံခြုံရေးကို အကြီးမားဆုံး ခြိမ်းခြောက်

ဝါရှင်တန် ဇန်နဝါရီ ၁၆

ယခုအခါ အမေရိကန်လုံခြုံရေးကို အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုမှာ ဥရောပတိုက်အတွင်းမှလာနိုင်ကြောင်း အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီး မိုက်ကယ်ချားတော့က ပြောကြားလိုက်သည်။

ခြေကုပ်ယူ

မကြာမီနှစ်များအတွင်းက ဥရောပတိုက်အတွင်း စစ်သွေးကြွများ၏ တိုက်ခိုက်မှုများနှင့် လုပ်ကြံအားထုတ်မှုများက အကြမ်းဖက်သမားများအနေဖြင့် ဥရောပကို ခြေကုပ်ယူကာ အမေရိကန်ကို ဒုက္ခပေးလာနိုင်ကြောင်း မိမိတို့ကို နှိုးဆော်ပေးလိုက်သလိုရှိသည်ဟုလည်း မစ္စတာချားတော့က ရှင်းပြသည်။

အထိခိုက်မခံ

ထို့ကြောင့် ဥရောပတိုက်မှ လာသူများကို လုံခြုံရေးအရ စစ်ဆေးမှုများ ပိုမိုတင်းကျပ်စွာ လုပ်ကောင်းလုပ်ရမည်ဖြစ်ကြောင်း၊ သို့သော် ထိုသို့သော လုံခြုံရေးတင်းကျပ်မှုကြောင့် ခရီးသွားလာမှုနှင့် ကုန်သွယ်ရေးကို အထိခိုက်မခံကြောင်း ၎င်းက ပြောဆိုသည်။

ကြိုးပမ်းထား

လုံခြုံရေးဆိုင်ရာ အစီအမံများချမှတ်ထားသည့်အတွက် မိမိတို့ အမိမြေလုံခြုံရေးဝန်ကြီးဌာန ထူထောင်သည့် ငါးနှစ်မြောက်နှစ်ပတ်လည်အခါသမယ နီးလာသည်နှင့်အမျှ အမေရိကန်နိုင်ငံမှာ ပိုမိုလုံခြုံလာအောင် လွန်ခဲ့သည့်ငါးနှစ်ခြောက်နှစ်ကထက် ပိုမိုကြိုးပမ်းထားကြောင်း ၎င်းကထည့်သွင်းပြောဆိုသည်။

(အင်တာနက်)

မော်တော်ယာဉ်ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း မိုင်ဝန်ခရိုင်ရှိ ကျေးရွာတစ်ရွာတွင် တာလီဘန်တို့၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်များ ပျက်စီးနေသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အပါးလွှာဆုံး လက်ပ်တော့ပ်ကွန်ပျူတာ အက်ပဲလ်ကုမ္ပဏီမှ တီထွင်ထုတ်လုပ်

ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၁၆

မက်စ်ဘွတ်အဲ (Mac Book Air)ဟု အမည်ပေးထားသော ကမ္ဘာ့အပါးလွှာဆုံးသော လက်ပ်တော့ပ်ကွန်ပျူတာကို အက်ပဲလ်ကွန်ပျူတာ ထုတ်လုပ်ရေးကုမ္ပဏီက တီထွင်ထုတ်လုပ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ ကွန်ပျူတာသည် အထု ဝဒသမ ၇၆ လက်မသာရှိရာ ဆန်ဖရန်စစ္စကိုရှိ ကွန်ပျူတာ ပြပွဲတစ်ရပ်၌ အက်ပဲလ်ကုမ္ပဏီက ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

တီထွင်ထုတ်လုပ်

ယင်းကွန်ပျူတာသည် ကြိုးမဲ့အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ထားသည်။

ပြောကြား

၎င်းလက်ပ်တော့ပ် ကွန်ပျူတာသည် ဆိုနီဒဲလ်နှင့် အဆပ်ကဲ့သို့သော ကုမ္ပဏီကြီးများနှင့်အပြိုင် ထုတ်လုပ်လိုက်ခြင်း ဖြစ်ကြောင်း၊ ပေါ့ပါးပြီး အလွယ်တကူ သယ်ယူသွားနိုင်ကြောင်း အက်ပဲလ်ကုမ္ပဏီပိုင်ရှင် စတိဗ်ဂျော့က ပြောကြားသည်။

ယင်းကွန်ပျူတာကို အမေရိကန်နိုင်ငံ၌ လာမည့် နှစ်ပတ်အတွင်း ဈေးကွက်သို့ တင်ရောင်းမည်ဖြစ်ကြောင်း၊ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၉၉ ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ကမ္ဘာ့အပါးလွှာဆုံး လက်ပ်တော့ပ် ကွန်ပျူတာကို ကုမ္ပဏီပိုင်ရှင်မှ ပြသနေစဉ်။ (အင်တာနက်ဓာတ်ပုံ)



အီရတ်မြောက်ပိုင်းကို တူရကီလေကြောင်းမှတိုက်ခိုက် ကာ့ဒ်သောင်းကျန်းသူများ၏စခန်းကို ပစ်မှတ်ထားခဲ့

အန်ကာရာ ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သောင်းကျန်းသူများ၏ စခန်းများကို ဇန်နဝါရီ ၁၅ ရက်တွင် တူရကီစစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က ကြေညာခဲ့သည်။

တိုက်ခိုက်ခဲ့

ယင်းစစ်လေယာဉ်များသည် ဇက်ပ်ဆီးဗီး၊ အဘာဆင်ဗက်ရန်နှင့် ကယ်ကွတ်ဒေသများရှိ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်ဆိုသည်။

ဖော်ပြ

ယခုကဲ့သို့ တိုက်ခိုက်မှုသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလကတည်းကစတင်ကာ အီရတ်မြောက်ပိုင်းကို တူရကီတို့၏ လေးကြိမ်မြောက် စီးနင်းတိုက်ခိုက်မှုဖြစ်ပြီး အသေအပျောက် အပျက်အစီး သတင်းကို မရရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

အပြစ်တင်ခဲ့

အီရတ်တွင် ခြေကုပ်ယူလျက် တူရကီနိုင်ငံကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့် ကာ့ဒ် အလုပ်သမား ပါတီ (ပီကေကေ)မှ သောင်းကျန်းသူများကို တူရကီက အပြစ်တင်ခဲ့သည်။

ယခု ဇန်နဝါရီ ၁၅ ရက်က လေကြောင်းစီးနင်း တိုက်ခိုက်မှုသည် ပီကေကေစခန်းများကို အတည်ပြု၍ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပြီး အစွမ်းကုန် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

တရုတ်နိုင်ငံထုတ် မော်တော်ကားများ အမေရိကန်ဈေးကွက်သို့ ထိုးဖောက်လာနိုင်

ဒက်ထရိုက်(အမေရိကန်) ဇန်နဝါရီ ၁၆

အမေရိကန်နိုင်ငံ မြောက်ပိုင်း ဒက်ထရိုက်မြို့၌ ဇန်နဝါရီ ၁၄ ရက်က နိုင်ငံတကာ ကားပြပွဲတစ်ရပ် ကျင်းပခဲ့ရာ တရုတ်ကားထုတ်လုပ်ရေး ကုမ္ပဏီအချို့ ပါဝင်ပြသခဲ့သည်။

ခန့်မှန်းထား

တရုတ်ကားထုတ်လုပ်ရေး ကုမ္ပဏီများသည် အမေရိကန် ကားဈေးကွက်ကို မျက်စိကျလာကြောင်း၊ မကြာမီလများတွင် တရုတ်ကားများ အမေရိကန် ကားဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်လိမ့်မည်ဖြစ်ကြောင်း စက်မှုကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ကြည့်ရှု

အဆိုပါ ကားပြပွဲတွင် တရုတ်နိုင်ငံလုပ် ကားသစ်ပုံစံအမျိုးမျိုး ပြသထားရာ လာရောက်ကြည့်ရှုသူများ အထူး စိတ်ဝင်တစားရှိသည်ဟုဆိုသည်။

ပြောကြား

မိမိတို့ တရုတ်ကားကုမ္ပဏီများသည် အဆိုပါ ကားပြပွဲတွင် ပြသရုံသက်သက်သာ မဟုတ်ကြောင်း၊ ကားဝယ်ယူမည့် ဖောက်သည် အသစ်များကို ရှာဖွေခြင်းဖြစ်ကြောင်း ချန်ဖန်း အုပ်စု မော်တော်ကား ထုတ်လုပ်ရေး ဥက္ကဋ္ဌ လီကျန်ရှင်းက ပြောကြားသည်။

အဆိုပါ ကားကုမ္ပဏီသည် ၂၀၀၉ ခုနှစ်တွင် ဥရောပသို့ မော်တော်ကားများ စတင်ရောင်းချရန် ပြင်ဆင်လျှက်ရှိကြောင်း ၎င်းဥက္ကဋ္ဌက ပြောကြားသည်။

ဈေးနှုန်းချိုသာ

တရုတ်နိုင်ငံမှ တင်သွင်းသော ကားများသည် အမေရိကန်၊ ဥရောပသမဂ္ဂ သို့မဟုတ် ဂျပန်ကား ကုမ္ပဏီများမှ ထုတ်လုပ်သော ကားများထက် ဈေးနှုန်းချိုသာသည်ဟု အမေရိကန် မော်တော်ကား ဝယ်ယူသူများက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ဒက်ထရိုက်မြို့၌ ကျင်းပသည့် နိုင်ငံတကာကားပြပွဲ၌ ပြသထားသည့် ပြခန်းတစ်နေရာကို ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျပန်သို့ လာရောက်ကြသည့် နိုင်ငံခြားသားများ ဘာသာစကားကျွမ်းကျင်မှု စစ်ဆေးခံရမည်

တိုကျို ဇန်နဝါရီ ၁၆

ဂျပန်နိုင်ငံသို့ နေထိုင်ရန် လာရောက်သည်ဖြစ်စေ၊ အလုပ်လုပ်ရန် ဖြစ်စေ လာရောက်ကြသည့် နိုင်ငံခြားသားများအား ဘာသာစကား ကျွမ်းကျင်မှု စစ်ဆေးခြင်းများ ပြုလုပ်သွားရန် စဉ်းစားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အကောင်အထည်ဖော်

ဂျပန်နိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအနက် နေထိုင်ခွင့်ဗီဇာနှင့် အလုပ်ပါမစ်တို့ဖြင့် လာရောက်ကြသူများအား ဘာသာစကား ကျွမ်းကျင်မှုကိုလည်း စစ်ဆေးသွားရန် စီမံကိန်းတစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားသည်။

မကြာသေးမီက ဂျပန်နိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသားများအားလုံးကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်းနှင့် လက်ဗွေနှိပ်ခြင်း စစ်ဆေးမှုများကို စတင်ပြုလုပ်နေပြီဟု ဆိုသည်။

ဂျပန်နိုင်ငံ၌ နိုင်ငံခြားသား နှစ်သန်းခန့် နေထိုင်လျက်ရှိပြီး နိုင်ငံ၏လူဦးရေထက် နှစ်ရာခိုင်နှုန်းကျော်ရှိသည်ဟု ဆိုသည်။

တတ်ကျွမ်းရန်လို

ဂျပန်နိုင်ငံသို့ နေထိုင်ခွင့်ဗီဇာ သို့မဟုတ် အလုပ်လုပ်ရန် ဗီဇာလျှောက်ထားကြသူများသည် ဂျပန်ဘာသာစကားပြောတတ်ရန် မလိုသော်လည်း ကာလရှည် လာရောက်လည်ပတ်သူများအနေဖြင့် ဂျပန်ဘာသာစကား တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မာဆာဟီတိုကိုမူရာက ပြောကြားသည်။ **(အင်တာနက်)**

ဒါဖာသောင်းကျန်းသူများအား ဆူဒန်လေယာဉ်များ ဗုံးကြဲတိုက်ခိုက် ပြည်သူအများအပြား ဘေးလွတ်ရာထွက်ပြေးရင်း သေဆုံး

ဒါဖာ ဇန်နဝါရီ ၁၆

ဆူဒန်နိုင်ငံ ဒါဖာဒေသအနောက်ပိုင်း ဂီနီနာအရပ်အနီးဝန်းကျင်ရှိ သောင်းကျန်းသူစခန်းများကို ဆူဒန်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တရားမျှတရေးနှင့် ညီညွတ်ရေးအဖွဲ့ (ဂျေအီးအမ်)မှ သောင်းကျန်းသူ ခေါင်းဆောင်များက ပြောကြားသည်။

ဆူဒန်နိုင်ငံအတွင်းရှိ သောင်းကျန်းသူများအား လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည့် ဆူဒန်စစ်လေယာဉ်များကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ထွက်ပြေး

ယင်းသို့ တိုက်ခိုက်မှုဘေးမှ လွတ်မြောက်ရန် ပြည်သူအများ ကျေးရွာများသို့ ထွက်ပြေးခဲ့ရာ အရပ်သားများ သေဆုံးမှု များပြားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြောကြား

မကြာသေးမီက ယင်းဒေသတွင် ဂျမ်အဖွဲ့နှင့် ဖြစ်ပွားသော တိုက်ပွဲများ၌ အစိုးရတပ်ဖွဲ့ဝင် အမြောက်အမြားကို သေဆုံးခဲ့ကြောင်း သတင်းထောက်များက ပြောကြားခဲ့သည်။ ဒါဖာဒေသတွင် ငါးနှစ်တာ ပဋိပက္ခကာလအတွင်း လူနှစ်သိန်းကျော် သေဆုံးခဲ့သည်။

ဆက်လက်ဖြစ်ပေါ်

ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထွက်ပြေးလာသော ပြည်သူနှစ်သန်းကျော်မှာဒုက္ခသည်စခန်းများတွင်နေထိုင်ရပြီး ယင်းဒေသတွင်း၌ မလုံခြုံမှုများ ဆက်လက်ဖြစ်ပေါ်နေသည်။**(အင်တာနက်)**

ကဘူးလ်ရှိ ဟိုတယ်တစ်ခုကို တာလီဘန်တို့ ဗုံးခွဲတိုက်ခိုက် အာဖဂန်အာဏာပိုင်များ တိုက်ခိုက်ရေးသမားတစ်ဦးအား ဖမ်းမိ

ကဘူးလ် ဇန်နဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ဆီရီနာဟိုတယ်အား ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက ဗုံးခွဲတိုက်ခိုက်ကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့သော တာလီဘန် တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့မှ လူတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်ဟု အာဖဂန်အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဗုံးခွဲတိုက်ခိုက်မှုနှင့် ပစ်ခတ်မှုတွင် တိုက်ခိုက်ရေးသမားနှစ်ဦးနှင့် ဟိုတယ်လုံခြုံရေးများ၊ ဧည့်သည်များ အပါအဝင် ရှစ်ဦးသေဆုံးခဲ့သည်။

ပို့ဆောင်ထား

ယင်းသို့ တိုက်ခိုက်မှုဖြစ်ပွားနေစဉ်အတွင်း နော်ဝေနိုင်ငံခြားရေးဝန်ကြီး အပါအဝင် ဧည့်သည်များကို လုံခြုံရေးအတွက် ဟိုတယ် မြေအောက်ခန်းသို့ ပို့ဆောင်ထားခဲ့ရသည်။ ဆီရီနာဟိုတယ်သည် ကဘူးလ်မြို့တွင် နိုင်ငံခြားသား ဧည့်သည်များ အဓိကတည်းခိုကြသည့် ဟိုတယ်ဖြစ်သည်။

နောက်ဆုံးတိုက်ခိုက်မှု

အဆိုပါ ဇန်နဝါရီ ၁၄ ရက် တိုက်ခိုက်မှုသည် မကြာသေးမီ ရက်သတ္တပတ်များက တာလီဘန်တို့၏ တိုက်ခိုက်မှုများအနက်မှ နောက်ဆုံးတိုက်ခိုက်မှု ဖြစ်သည်။ **(အင်တာနက်)**

သုံးကြိမ်တိုင်တိုင် လုပ်ကြံရန်ကြိုးစည်ခံခဲ့ရသူ ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်။

(အင်တာနက်ဓာတ်ပုံ)

ကဘူးလ်မြို့ရှိ ဆီရီနာဟိုတယ် အနီးတွင် ဇန်နဝါရီ ၁၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရသည့် မြင်ကွင်း။ (အင်တာနက်)

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်အား လုပ်ကြံရန်ကြံစည်မှု အပြစ်ရှိသူသုံးဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၆

ပါကစ္စတန်နိုင်ငံတွင် ၂၀၀၂ခုနှစ် ဧပြီလအတွင်းက သမ္မတမူရှာရက်ဖ်အား ကားဗုံးခွဲလုပ်ကြံရန် ကြံစည်မှုတွင် မအောင်မြင်ခဲ့ဘဲ ဖမ်းဆီးခံခဲ့ရသူ စစ်သွေးကြွသုံးဦးကို ဇန်နဝါရီ ၁၅ ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၎င်းတို့သုံးဦးသည် အယ်လ်ခိုင်ဒါ၏ အဖွဲ့ခွဲဖြစ်သော ဟာကက်အူလ်မူဂျာဟစ်ဒင်အယ်လ်အယ်လ်မီမ အဖွဲ့ဝင်များဖြစ်သည်ဟု ယူဆရသည်ဆိုသည်။ ၎င်းတို့သည် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ကရာချိမြို့တွင် မူရှာရက်ဖ်၏ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် ကားဗုံးခွဲခဲ့သည့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။ သို့သော်လည်း ၎င်းတို့ အသုံးပြုသည့် အဝေးထိန်းခလုတ်သည် ဗုံးများဖောက်ခွဲရာတွင် မအောင်မြင်ခဲ့ပေ။

ပထမဆုံးအကြိမ်

အဆိုပါဖြစ်ရပ်တွင် အသုံးပြုခဲ့သောယာဉ်ကို နောက်နှစ်လအကြာတွင် ၁၄ ဦး သေဆုံးသည့် အမေရိကန် ကောင်စစ်ဝန်ရုံး တိုက်ခိုက်မှု၌ အသုံးပြုခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။ သမ္မတပါဗက်မူရှာရက်ဖ်သည် ၎င်း၏ဘဝ၌ သုံးကြိမ်လုပ်ကြံခံခဲ့ရမှုတွင် ၂၀၀၂ခုနှစ် ဧပြီလက လုပ်ကြံခံခဲ့ရမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရုရှားနိုင်ငံ တိုက်ခန်းတစ်ခန်း၌ ဓာတ်ငွေ့ပေါက်ကွဲ ငါးဦးသေဆုံး၊ လူ၆၀ ခန့်ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရ

မော်စကို ဇန်နဝါရီ ၁၆

ရုရှားနိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ၁၄ ရက်က တိုက်ခန်းတစ်ခန်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

မော်စကိုမြို့၏ တောင်ဘက် မိုင် ၉၃၀ အကွာ ကော့ကေးဆပ်တောင်ခြေ စပါးအပန်းဖြေစခန်းရှိ ဇီလီနိုဗိုဇော့ခ်အရပ်မှ တိုက်ခန်းတစ်ခန်းတွင် ယင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ အနီးရှိ အိမ်များမှ လူ ၆၀ ခန့်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာ့ခ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယနေ့အထိ အရေးပေါ် ကယ်ဆယ်ရေးသမားများက ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ရပ်များသည် ရုရှားနိုင်ငံရှိ တိုက်ခန်းများတွင် မကြာခဏဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်များ ဖြစ်လာသည်။

သံသယဖြစ်

လွန်ခဲ့သည့် သီတင်းပတ်ကလည်း ရုရှားနိုင်ငံ ကန်ဇန်ဒေသရှိ လူနေတိုက်ခန်းများ ပါဝင်သည့် အဆောက်အအုံတစ်ခုတွင် သံသယဖြစ်ဖွယ် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ရှစ်ဦးသေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၆-၁-၂၀၀၈

အီရတ် မိုလ်ဆူးမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှု

အီရတ်နိုင်ငံ မိုလ်ဆူးမြို့အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော အီရတ်ရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ခြောက်ဦး ဒဏ်ရာရရှိသွားသည်။

ဗုံးပေါက်ကွဲမှုမှာ မိုလ်ဆူးမြို့တောင်ပိုင်း ဂီဇာလန်အရပ်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ပြီး အရပ်သားသုံးဦးနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဖောက်ခွဲတိုက်ခိုက်သည့်ဗုံးမှာ ကားဗုံးဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးဆွေးနွေး

နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးရရှိစေရန် အစ္စရေးနှင့် ပါလက်စတိုင်းတို့ ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း အစ္စရေးအရာရှိများက ပြောကြားလိုက်သည်။

ဆွေးနွေးမည်

အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေး ဆွေးနွေးစဉ် အပြစ်အခတ်ရပ်စဲထားမည် မဟုတ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။ အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မက်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်တို့အနေဖြင့် သဘောတူညီချက်တစ်ရပ်ရရှိရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖင်လန်သမ္မတ အင်ဒိုနီးရှားသွားမည်

အင်ဒိုနီးရှားနိုင်ငံသို့ ဖင်လန်သမ္မတ တာဂျာဟာလိုနန် မကြာမီ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားလိုက်သည်။

နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်သည့်အခါ အာချေးပြည်နယ်ကိုလည်း အလည်အပတ်သွားမည် ဖြစ်ကြောင်း ၎င်းအရာရှိများက ဆက်လက် ပြောကြားသည်။

အာရှဒေသတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး တရုတ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု အိန္ဒိယဝန်ကြီးချုပ် ပြောကြား

တရုတ်နိုင်ငံနှင့်အတူ အာရှဒေသ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

သဘောတူညီမှုများရရှိ

ဝန်ကြီးချုပ်ရာထူးဖြင့် တရုတ်နိုင်ငံသို့ ပထမဆုံးလာရောက်လည်ပတ်သော မန်မိုဟန်ဆင်းက တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့် တွေ့ဆုံစဉ် ဒေသတွင်းတည်ငြိမ်ရေးနှင့်စီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကာ သဘောတူညီမှုများ ရရှိခဲ့သည်။

ယူအေအီးနှင့်ပြင်သစ်တို့ ကာကွယ်ရေးဆိုင်ရာပူးပေါင်းမည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့်ပြင်သစ်နှစ်နိုင်ငံတို့အနေဖြင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ကို ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

လက်မှတ်ရေးထိုးခဲ့

အဆိုပါ ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ယူအေအီး နိုင်ငံခြားရေးဝန်ကြီး ရှိတ်အဗ္ဗဒူလာဘင်ဇာလတ်အယ်နာယဉ်နှင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဟာဗီမိုရင်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ယူအေအီးနှင့် ပြင်သစ်နိုင်ငံတို့သည် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း ကြိုးစားအကောင်အထည်ဖော်သွားကြမည်ဖြစ်သည်။

အာဖဂန်တွင် ရိက္ခာပြတ်လပ်နေ

အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် စားနပ်ရိက္ခာများပြတ်တောက်လျက်ရှိကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်၌ တာလီဘန် တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသဖြင့် ဒေသခံပြည်သူတစ်သန်းကျော် ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။

ဘရာဇီးသမ္မတနှင့် ကျူးဘားခေါင်းဆောင်တို့ တွေ့ဆုံ

ဘရာဇီးသမ္မတ လူးဖ်အီနာစီရိုလူလာဒါဆီးလ်ဗားသည် ကျူးဘားခေါင်းဆောင် ဖီဒယ်လ်ကတ်စထရိုနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် စီးပွားရေးဆိုင်ရာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆွေးနွေးခဲ့ကြသည်။

ဘရာဇီးသမ္မတ ဒါဆီးလ်ဗားသည် ကျူးဘားနိုင်ငံသို့ တစ်ရက်ကြာအလည်အပတ်ခရီးရောက်ရှိခဲ့ပြီးနောက် ကျူးဘားသမ္မတကတ်စထရိုနှင့် ကျူးဘားကာကွယ်ရေးဝန်ကြီး ရာရယ်ကတ်စထရိုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

စင်ကာပူ၌ မူးယစ်ဆေးသုံးစွဲသူများဖမ်းဆီး

စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲသူ ၂၂၀၀ကို ၂၀၀၇ ခုနှစ်က ဖမ်းဆီးနိုင်ခဲ့ကြောင်း စင်ကာပူရဲအရာရှိများက ပြောကြားသည်။

မြင့်တက်

စင်ကာပူ၌ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက် မြင့်တက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၀၆ခုနှစ်က ၁၂၁၈ ဦးရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်၌ မူးယစ်ဆေးဝါးသုံးစွဲသူ ၂၂၀၀အထိ ရှိလာခဲ့သည်။



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **အီကွေဒေါနိုင်ငံ ချမ်ဘိုရာဇိုပြည်နယ်ရှိ တွန်ရူရာဂွာမီးတောင်သည် ဇန်နဝါရီ ၁၅ရက်က မီးခိုးများ၊ ပြာများနှင့် သဲမှုန်များမှုတ်ထုတ်လျက်ရှိပြီး လှုပ်ရှားလာသဖြင့် အနီးဝန်းကျင်၌နေထိုင်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။** (အောက်ပုံ)

- အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း အနီးတွင် ဇန်နဝါရီ ၁၅ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးသွားသည်။
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်း ဘာရီဆယ်မြို့၌ ဇန်နဝါရီ ၁၅ ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်အကောင်ရေ တစ်သောင်း သတ်ဖြတ်ခဲ့ရသည်။**
- ဩစတြေးလျနိုင်ငံ ဘန်ဘူရီဒေသတွင် ဇန်နဝါရီ ၁၅ရက်က မော်တော်ယာဉ်စီးလာသူတစ်ဦးက အပြင်ဘက်ရှိ မိန်းကလေးငယ်နှစ်ဦးကို လက်ပြခဲ့စဉ် အခြားမော်တော်ယာဉ်တစ်စီးက ဝင်တိုက်ခဲ့သဖြင့် ထိုလူ၏ လက်တစ်ဖက် ပြတ်သွားခဲ့သည်။
- **အင်ဒိုနီးရှားနိုင်ငံ ဂျာယာပူရာဒေသ၌ ဇန်နဝါရီ ၁၅ ရက်က မြေပြိုမှုဖြစ်ပွားရာ ၁၁ဦး သေဆုံးခဲ့သည်။**
- တရုတ်နိုင်ငံတောင်ပိုင်း ဖူကျင်ပြည်နယ် ချန်လီမြို့ဆိပ်ကမ်းတွင် ဇန်နဝါရီ၁၅ရက်က အလွန်ကြီးသော ဝေလငါးကြီးတစ်ကောင်သေဆုံးနေရာ ထိုဝေလငါးကြီးသည် အရှည် ၁၆မီတာ၊ အချင်း ၈ဒသမ၆မီတာနှင့် အလေးချိန် တန်၂၀ ရှိသည်။
- **တူရကီနိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ဇန်နဝါရီ ၁၅ရက်က အပူချိန်ကျဆင်းပြီး အအေးပိုခဲ့ရာ လေးဦးသေဆုံးပြီး စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။**
- အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆင်ခြေဖုံး၌ ဇန်နဝါရီ၁၅ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အသက် ၁၆နှစ်အရွယ် မိန်းကလေးတစ်ဦးသေဆုံးသွားခဲ့ရာ အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၉၆ဦး ရှိသွားပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်း ဂယက်ရိုက်ခတ်နေသည့် ရေနံဈေးနှုန်း

သတင်းအက်ဆေး
တိုး-စုစည်းရေးသားသည်

ရေနံကိုအလွယ်တကူရဖို့ခေတ်က ကုန်ခဲ့ပြီဖြစ်သည်။ အိန္ဒိယနှင့်တရုတ်ကဲ့သို့သောနိုင်ငံများ၏ ဝယ်လိုအား ကောင်းမှုကြောင့် ရေနံကုမ္ပဏီများအနေဖြင့်လည်း ရေနံကို ဘယ်နေရာမှမဆို မရရအောင် စမ်းသပ်ရှာဖွေကြရသည်။

ရေနံတစ်စည်ဈေးနှုန်း ဒေါ်လာ၁၀၀ရောက်လာသောအခါ ကမ္ဘာ့စီးပွားရေးတွင် ရေနံ၏အရေးပါပုံကို မီးမောင်းထိုးပြလိုက်သလိုဖြစ်သည်။

ရေနံနှင့်ပတ်သက်လျှင် အရှေ့အလယ်ပိုင်းဒေသသည် အရေးအပါဆုံးအခန်းမှ ပါဝင်လျက်ပင်ရှိသည်။ ဤဒေသမှ ရေနံသိုက်များကို စုပေါင်းလိုက်လျှင် ကမ္ဘာ့ကျန်ဒေသများ၏ ရေနံပမာဏမှာ မြင်းမိုရ်တောင်နှင့် ဆီးသီးပမာ သေးနုပ်သွားသည်။ ဆော်ဒီအာရေဗျတစ်နိုင်ငံတည်းပိုင် ရေနံသိုက်များသည် တစ်ကမ္ဘာလုံးရှိ ရေနံသိုက်၏၂၂ဒသမ၉ရာခိုင်နှုန်း ရှိသည်။

လျှော့သုံးရေးဦးတည်

မြောက်ပင်လယ်နှင့် ကနေဒါတို့တွင် ရေနံသိုက်အများအပြား ပိုင်ဆိုင်ထားလျက်ပင်ရှိသည်။ ကမ္ဘာ့ရေနံသိုက်များကို မည်မျှထိကြာကြာသုံးစွဲရမည်ကို မည်သူမျှ အတိအကျမပြောနိုင်ပေ။ ကျွမ်းကျင်သူများကတော့ ကမ္ဘာ့ရေနံထွက် အများဆုံးစံချိန်မှာနီးလာပြီး နောင်နှစ်ပေါင်း ၄၀တွင် ကုန်ခန်းမည်ဟု တွက်ဆသည်။ အချို့ကလည်း နှစ် ၃၀သာ ကျန်တော့သည်ဟု ဆိုသည်။ သေချာသည်ကတော့ ရေနံကိုကြာကြာသုံးလိုပါက ချွေတာသုံးသင့်သည်။

စီးပွားရေးလုပ်ငန်းများ တိုးချဲ့လေ ရေနံကိုပိုမိုသုံးစွဲလေဖြစ်သည်။ စီးပွားရေးတိုးတက်မှုအရှိန်ရနေသည့် တရုတ်နိုင်ငံသည် ရေနံသုံးစွဲရာ၌ ၂၀၀၃ခုနှစ်တွင် ကမ္ဘာ့ဒုတိယရေနံအသုံးဆုံးနေရာသို့ ရောက်ခဲ့သည်။ ဂျပန်နိုင်ငံကို ကျော်တက်ခဲ့သည်။ အများဆုံးသုံးသည့် အမေရိကန်နီးပါးလိုက်ခဲ့သည်။

အနောက်ဥရောပနှင့် ဂျပန်နိုင်ငံတို့သည် ပြည်ပမှတင်သွင်းသည့် ရေနံအပေါ် မှီခိုနေရသည်။

အရှေ့အလယ်ပိုင်းသည် ရေနံအများဆုံးထုတ်သည့်ဒေသဖြစ်ပြီး ကမ္ဘာ့ရေနံထုတ်ပမာဏ၏သုံးပုံတစ်ပုံကို ထုတ်လုပ်ပေးသည်။

ရေနံဈေးနှုန်းမှာ ၂၀၀၇ခုနှစ်အတွင်းတွင် နှစ်ဆနီးပါးတက်ခဲ့သည်။ သို့သော် ငွေဖောင်းပွမှုပါထည့်သွင်း စဉ်းစားလျှင် ဤရေနံဈေးနှုန်းများမှာ စံချိန်တင်မြင့်မားသည့် အဆင့်မမီသေး။ သို့သော် ၂၀၀၂ခုနှစ်နောက်ပိုင်းတွင် လေးဆကျော် မြင့်တက်နေသည်က အမှန်ပင်ဖြစ်သည်။

ယင်းသို့ရေနံဈေးနှုန်းများ အံ့အားသင့်လောက်အောင် တက်ရခြင်း၏ အကြောင်းရင်းများမှာ အဘယ်နည်း။

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို လုပ်ကြံခံရခြင်းကြောင့် ရေနံဈေးတက်သည်။ အဘယ်ကြောင့်ဆိုသော် ပါကစ္စတန်နိုင်ငံ၏တည်ငြိမ်မှုမှာ အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒအတွက် အရေးပါသည်ဟုဆိုသည်။

ကမ္ဘာပေါ်တွင် ရေနံ အဌမအများဆုံးထွက်သည့် နိုင်ဂျီးရီးယားနိုင်ငံမှ ရေနံလုပ်သားများနှင့် ရေနံအဆောက်အအုံများ ခြိမ်းခြောက်ခံမှုက ရေနံတင်ပို့မှုကို ကမောက်ကမဖြစ်စေနိုင်သည်။

ဒေါ်လာတန်ဖိုး မခိုင်မာမှုကလည်း ရေနံဈေးနှုန်းတက်ရာတွင် အဓိကအကြောင်းရင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

ဤလိုအခြေအနေတွင် ကမ္ဘာ့ရေနံစိမ်းထက်ဝက်ကျော်ကို ထုတ်ပေးနေသည့် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)အနေဖြင့် ဘာလုပ်နေသလဲဟု မေးစရာရှိသည်။

၁၉၆၀ပြည့်နှစ်က ဖွဲ့စည်းသည့်အိုပက်အဖွဲ့မှာ ရေနံဈေးနှုန်းတက်လာလျှင် ရေနံပိုထုတ်ပေးပြီး ဈေးထိန်းပေးဖို့ အမြဲလိုဖိအားပေးပြောဆိုခံရသည်။

အိုပက်သည် ထိုဖိအားပေးလာမှုကို မကြာသေးမီက လိုက်လျောခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၁ရက်ကစပြီး နေ့စဉ် ရေနံထုတ်လုပ်မှုခွဲတမ်းကို စည်ငါးသိန်း တိုးထုတ်ခဲ့သည်။

တစ်ခါတစ်ရံတွင် အိုပက်အတွင်း ညှိရန် မလွယ်ကူသည့်အခါများလည်း ရှိသည်။ အီရန်၊ နိုင်ဂျီးရီးယားကဲ့သို့သော နိုင်ငံများမှာ အဖွဲ့အတွင်း သဘောထားတင်းမာပြီး ဆော်ဒီအာရေဗျ၊ ကူဝိတ်ကဲ့သို့သော အဖွဲ့ဝင်နိုင်ငံများမှာ လိုက်လျောတတ်သည့်အဖွဲ့ဝင်များ ဖြစ်သည်။

အသွက်ဆုံးကုန်စည်

ရေနံစိမ်းမှာ ကမ္ဘာ့အရောင်းအဝယ်အသွက်ဆုံးကုန်စည်ဖြစ်သည်။ အကြီးဆုံးဈေးကွက်များမှာ လန်ဒန်၊ နယူးယောက်နှင့် စင်ကာပူတို့တွင်ရှိသည်။ သို့သော် ရေနံစိမ်းနှင့်တကွ ဓာတ်ဆီ၊ အပူပေးစနစ်သုံးဆီကဲ့သို့သော ရေနံထွက်ပစ္စည်းများကို တစ်ကမ္ဘာလုံးတွင် ရောင်းဝယ်နေကြသည်။

အချို့အနောက်အုပ်စုနိုင်ငံများကလည်း အိုပက်သည် လောဘကြီးသည်ဟု ဝေဖန်သည်။ အိုပက်ကလည်း ဈေးကွက်တွင် အရန်ရေနံများရှိနေပါလျက် ရေနံတိုးထုတ်ရန်မလိုဟု စောဒကတက်ပြန်သည်။ ရေနံတစ်ခုတည်းကို ထုတ်ရောင်းကာရပ်တည်နေရသော ရေနံရောင်းနိုင်ငံများအဖို့ အစားထိုးလောင်စာများက ရေနံကိုအစားထိုးသွားနိုင်သည်ကို သတိပြုသင့်သလို ရေနံကိုအလျှံပယ်သုံးသဖြင့် ကမ္ဘာကြီးပူနွေးလာမည်ကိုလည်း တစ်ဖက်က သတိပြုရမည့် အချိန်ဖြစ်သည်။ မည်သို့ဆိုစေ ရေနံဈေးနှုန်းတက်မှုသည် ကမ္ဘာတစ်ဝန်းကို ကြီးမားစွာ ဂယက်ရိုက်လျက်ရှိသည်က အမှန်ပင်။ ။

ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်စာကြည့်တိုက်များ ထူထောင် ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး စည်းရုံးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး ပဲခူးတိုင်း(အရှေ့ပိုင်း)ရှိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းမများ၌ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆွေးနွေးသည်။

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးသည် နံနက် ၁၀နာရီတွင် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ပဲခူးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် တောင်ငူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ တောင်ငူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တောင်ငူခရိုင် တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်၊ သံတောင်ကြီးမြို့နယ်နှင့် သံတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တောင်ငူမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်စာကြည့်တိုက်များထူထောင်ရေး၊ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတတိုးပွားရေးအတွက် ကျေးလက် စာကြည့်တိုက်များတွင် ပြည်သူများ စာဖတ်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ လူမှုရေး အသင်းအဖွဲ့များ၏အား၊ စေတနာရှင် ပြည်သူများနှင့် ဒေသခံပြည်သူများ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏ ကြိုးပမ်းမှုအား စသော အား(၄)အားဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်း(၅)ရပ်ဖြစ်သည့် ကျေးလက်ပြည်သူများ စာဖတ်သောအလေ့အကျင့်ရှိလာအောင် ဆောင်ရွက်ရေး၊ စာအုပ်စာတမ်းများ မပျောက်မပျက်အောင် ထိန်းသိမ်းပြီး စာအုပ်သစ်များ ဝယ်ယူနိုင်ရန် ငွေပဒေသာပင် စိုက်ထူရေးနှင့် စာအုပ်ငှားသည့်စနစ် ထူထောင်ထားရှိရေး၊ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ သင့်တင့်သော ပရိဘောဂရရှိရေးနှင့် စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ပြီး စာကြည့်တိုက်မှူးများ ထားရှိရေးတို့ကို ဆွေးနွေးမှာကြားကာ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဲခူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အဆိုပါ နဝဒေးစံပြစိုက်ခင်းအတွင်း ကြက်ဆူပင် ၁၅၈၀ နှင့် ပျိုးပင် ၁၀၀၀၀ စိုက်ပျိုးထားရှိပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်အနေဖြင့် လျာထားဧက ၁၃၀၅၈ ဧကအနက် ၁၂၅၉၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုး

အလားတူ နဝဒေးစံပြစိုက်ခင်းအတွင်း ဘူးစင်ခြောက်စင်၊ သဘော်ပင် ၁၁၀၊ ခရမ်းပင် ၂၅၀၊ ဗိုလ်စားပဲ(တိုင်ထောင်) ခြောက်စင်၊ မုန်ညင်းငါးပေါင်၊ ကန်စွန်းခြောက်ပေါင်၊ ကိုက်လန်၊ မုန်လာဥ၊ ရုံးပတီ၊ ဟင်းနုနယ်၊ ငရုတ်၊ ချဉ်ပေါင်နှင့် ပိန်းပင်များ၊ အုန်းပင်များ၊ ကွမ်းပင်များ၊ ကွမ်းသီးပင်၊ ဒန့်သလွန်ပင်၊ ပေါက်ပန်းဖြူပင်၊ သရက် (စိန်တစ်လုံး)၊ သီဟိုဠ်၊ ကျွန်းနှင့် မဟော်ဂနီပင်များကို စိုက်ပျိုးထားသည်။

မွေးမြူရေးအနေဖြင့် ဝက်ကောင်ရေ ၂၀၀၀၊ ဒေသကြက် ၅၀၀၀၊ ဥစားကြက်ကောင်ရေ ၂၅၀၀ နှင့် ဆိတ်ကောင်ရေ ၄၅ ကောင်တို့ကိုလည်း မွေးမြူထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇-၁-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	အကပဒေသာ
၈း၂၅	၈။	နမ္မတီးတံတား(ကံလှ)
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၃၀	၇။	**ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၇း၄၅	၈။	တေးဂီတအစီအစဉ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	**သူနဲ့ပဲနေတော့မယ်** ငှက်ပျောကြော်၊ ကြူကြူသင်း (ဒါရိုက်တာ-ရွှေဦး MRTV)
၁၈း၄၅	၁၂။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၉း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယချစ်ပုံပြင်** (အပိုင်း-၃၆) [ဇာတ်သိမ်းပိုင်း]
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း-၁၉)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၈(ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**သေတတ်အောင်ကြိုးစားပါ** တရားတော် [အရှင်ကုဏ္ဍလ (မော်ကျွန်းဆရာတော်)]
၈း၀၀ - ၂း၀၀	နိဗ္ဗာန်ဆီသို့.... အမေးအဖြေများ
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀ - ၃း၀၀	**သီးနှံစိုက်ပျိုးအထွက်တိုး** ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	သွားမယ် စားမယ် Yankin Restaurant (Dimsum & Hotpot)
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	အရိုးကျိုးခြင်းနှင့် ကုသခြင်းအကြောင်း(အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) [အပိုင်း-၂၄]
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	ပေါင်းစုလို့နွှဲပျော် နှစ်(၅၀)ပြည့်ရွှေရတုပွဲတော်
၁၁း၃၅ - ၅း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	**ဘဝများ** ဧည့်ကြို တစ်ယောက်၏ တစ်နေ့တာ
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၅ - ၆း၁၅	သံစဉ်စာသားဖန်တီးသူများ (တေးရေးစတုန်းနှင့် တွေ့ဆုံခြင်း)
၁၂း၄၅ - ၆း၄၅	ရွှေချစ်သူတို့အတွက် ရွှေမိတ်ဆက်ကဏ္ဍ(၃)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးခင်ဇော်ဝင်းအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်ဇော်ဝင်းအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အုတ်ဖိုမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၆

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ် ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းမကြီး အမှတ် ၄၉/၅၁၊ အောင်သောင်းလျှပ်စစ်တာဝါခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင် သက်ကြီးဘိုးဘွားများ၊ တက္ကသိုလ်အသီးသီးမှ ဂုဏ်ထူးရရှိအောင်မြင်သူများ၊ ပါရဂူဘွဲ့ရရှိသူများ ၂၀၀၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ရန်ကုန်မှ အသင်းဝင်များ၏ သားသမီးများစာရင်းကို အမှတ်စာရင်း အထောက်အထားနှင့်တကွ ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ၇၂၆၈၅၅၊ အတွင်းရေးမှူး ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဘဏ္ဍာရေးမှူး ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅ တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် ရန်ကုန်ရောက် မြို့နယ်သား၊ မြို့နယ်သူ(အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ) အစည်းအဝေး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ့(စ်) မြန်မာရေနံကုမ္ပဏီသည် ကမ်းလွန်ရဲတံခွန် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လုပ်ကွက်အမှတ်၊ M-12 နှင့် M-13မှ Lanfall ဓမင်းဆိပ်သို့ ဆက်သွယ်ထားသော (၂၄)လက်မ ပိုက်လိုင်းအား Rov Inspection and free span correction job ပြုလုပ်ရန်အတွက် တိုင်းတာရေး ရေယာဉ် MV.Setouchi Surveyor ဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီ တတိယပတ်မှ ဖေဖော်ဝါရီလကုန်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

Rov Inspection and free span correction job တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point-A Yetagun Platform မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၂ မိနစ် ၅၇ ဒသမ ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၇ ဒသမ ၇၈ စက္ကန့်၊ Point-B Yetagun FSO မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၃ မိနစ် ၅၀ ဒသမ ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၀၈ ဒသမ ၂ စက္ကန့်၊ Point -C Yetagun Landfall Area (Daminseik) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၃ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ် ၀၀ စက္ကန့်အထိ ဖြစ်သည်။

သို့ဖြစ်၍ Rov Inspection and free span correction job တိုင်းတာရေးလုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV.Setouchi Surveyor ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထကဖောင်ကြီး အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

အထကဖောင်ကြီး ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို အထက်ပါကျောင်းရှိ ကျောက်စိမ်းခန်းမ၌ ဇန်နဝါရီ ၂၀ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ၊ ဆရာမများအား အခမ်းအနားသို့ ကြိုဆိုမည့် မော်တော်ယာဉ်သည် လသာရဲစခန်းရှေ့မှ ဇန်နဝါရီ၂၀ရက် နံနက် ၈နာရီတွင် စတင်ထွက်ခွာမည် ဖြစ်သည်။

၁၉၆၆ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ဆရာမများအားလုံးနှင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်မည့် ဆရာ ဆရာမများသည် မရီရီမြင့် ဖုန်း–၂၄၇၆၇၉၊ မခင်ဝေထွန်း ဖုန်း–၂၄၇၃၈၂၊ ကိုတင်မျိုးညွန့် ဖုန်း– ၀၉–၉၀–၅၀၉၂၄၊ ကိုစိန်မြင့်ထွန်း ဖုန်း–၀၉–၅၁–၁၆၉၅၆တို့သို့ ဆက်သွယ်ပေးကြပါရန် ပန်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အထက်ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ ယာယီ ရှင်းလင်းဆောင်တွင် အထက်ကျိုင်းတောင်း စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပွင့်လင်းရာသီတွင် ဆောင်ရွက်ရန် အစီအစဉ်များကို အသေးစိတ်မှာကြားပြီး ရှုရပ်မှနေ၍ ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ ဝန်ကြီးသည် တမံနေရာ၏ အောက်ပိုင်းနေရာ၊ ရေတံခွန်နေရာ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ရွေးချယ်ထားသောနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

စတင်တည်ဆောက်

အထက်ကျိုင်းတောင်း စီမံကိန်းသည် မိုးနဲခရိုင် ကျိုင်းတောင်းမြို့၏ အနောက်မြောက်ဘက် ၁၀မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ရှိ၍ စက်တပ်ဆင်အင်အား ၅၂ဒသမ၅ မဂ္ဂါဝပ်ရှိမည်ဖြစ်ပြီး ယခုနှစ်မှစတင်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ၁၂ရက် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဇေယျာသုခကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတမ္မေအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် မြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲကျင်းပရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက ကျောင်းပညာရေးရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် သင်ပန်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိပြီး World Vision(Myanmar)က အလှူငွေကျပ် သိန်း ၁၂၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက ကျောင်းရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ပျိုးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆောင်သစ် အလှူငွေကျပ် ၈သိန်း၊ သစ် သုံးတန်နှင့် အမိုးသွပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံးပြစ်မှုနှင့် တရားမအထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၁၆

တရားရုံးချုပ် (မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ဇန်နဝါရီ၁၄ရက် နံနက်၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု၄မှုနှင့် တရားမအထူးအယူခံမှု၁၀မှုတို့ကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၈ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု၁၆မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဇန်နဝါရီ၂၀ရက်မှ ၂၇ရက်အထိ သဲအင်းဂူ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဣန္ဒာဝံသ(မုံရွာ)နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဇဝနတိက္ခ(ရွှေအင်တုံ) အရှင်သူမြတ်နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့သမထဝိပဿနာတရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇန်နဝါရီ၁၉ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပလက်ဝမြို့နယ် အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇန်နဝါရီ ၁၂ရက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများ၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပလက်ဝမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ပလက်ဝမြို့နယ်ရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ဆရာဆရာမများအနေဖြင့် ပညာရေးမူဝါဒများကို တိကျစွာ လိုက်နာပြီး သင်ရိုးညွှန်းတမ်းနှင့်အညီ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံ လက်တွေ့ခန်းသုံး ပစ္စည်းများကို လက်တွေ့အသုံးချ သင်ကြားရေး၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရန် အခြေခံပညာမူလတန်းအဆင့်မှစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားကာ ပလက်ဝမြို့နယ်ရှိ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပလက်ဝမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် မြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇနီး ဒေါ်အေးသီ(ပဲခူး)အား ရည်စူး၍ အမှတ် ၂၅/၂ ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ်နေ တပ်ကြပ်ကြီးမြင့်ကြည်(ငြိမ်း)နှင့် တူ၊ တူမများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း ပဒေသာပင် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။(က–ပ)

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကြောင်ပြာကျေးရွာနေ (ဘ) ဦးထွေးမောင်၏ သား ဦးသောင်းအေး အသက်(၃၈)နှစ်သည် သက်ငယ်ရိတ်ရန် တောတွင်းသို့သွားရောက်စဉ် ကျွဲလူးဒိန်သို့အရောက် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ဦးသောင်းအေး၏ ဘယ်ဘက်ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

မိုင်းထိဒဏ်ရာရရှိသည့် ဦးသောင်းအေးအား တာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးရှောင် မလောင်ခင်တား

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးက ပြည်ထဲရေးအသင်းကိုအနိုင်ရရှိ

သတင်းမြင်ကွင်း - ကိုထွေး ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပို့ဆောင်ရေးအသင်းက ပြည်ထဲရေးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ခြေရည်တူကစား

အဆင့်မြင့်တန်းမှ အလယ်အလတ်အသင်းနှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ခြေရည်တူကစားနိုင်၍ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ရာ ဂိုးကံကောင်းသော ပို့ဆောင်ရေးအသင်းက တစ်ဂိုးအသာဖြင့် ကပ်နိုင်သွားခြင်းဖြစ်သည်။ ပထမပိုင်းတွင် ပို့ဆောင်ရေးအသင်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားရာ ဦးဆောင်ဂိုး နှစ်ဂိုးရရှိခဲ့သည်။ ပို့ဆောင်ရေးအသင်းရရှိသော ဒုတိယဂိုးမှာ ပြည်ထဲရေး ဂိုးသမား မျိုးလွင်၏ အမှားကြောင့် မပေးသင့်ဘဲ ပေးလိုက်ရခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းအတွက် ပထမဂိုးကို ၂၂ မိနစ်တွင်လည်းကောင်း၊ ဒုတိယဂိုးကို မိနစ်၃၀တွင်လည်းကောင်း တိုက်စစ်မှူး ညီညီအောင်တစ်ဦးတည်းက သွင်းယူပေးခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက ဂိုးသမား မျိုးလွင်အစား ညီညီလွင်ကို လည်းကောင်း၊ အလယ်တန်းလူ ကျော်ဦးအစား နေလင်းထွန်းကိုလည်းကောင်း လူစားလဲ ကစားခဲ့သည်။

ချေပဂိုး

ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်း အချိတ်အဆက်မိမိဖြင့်ကစားနိုင်ပြီး အဆက်မပြတ် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပြည်ထဲရေးအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၆၀ တွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့်စည်သူဝင်းက ကန်သွင်းရာ တိုင်ထိ ထွက်လာသည့်ဘောလုံးကို နေလင်းထွန်းက ထပ်မံပိတ်သွင်း ယူခဲ့ခြင်းဖြစ်သည်။ ပို့ဆောင်ရေးအသင်းသည် ပွဲပြီးခါနီးတွင် ဂိုးမပေးရရေးအတွက် ပိတ်ဆို့ကစားသွားရာ ပြည်ထဲရေးအသင်းဂိုးရရှိရေး အထူးကြိုးစားသော်လည်း အရာမထင်ဘဲ ဖြစ်ခဲ့ရသည်။

ယနေ့ပွဲစဉ်အပြီးတွင် ပို့ဆောင်ရေးအသင်းက သုံးပွဲကစား သုံးပွဲနိုင် ဂိုးမှတ်ဖြင့် တတိယနေရာ၌လည်းကောင်း၊ ပြည်ထဲရေးအသင်းက သုံးပွဲကစား သုံးပွဲရှုံး အမှတ်မရသေးဘဲ အဆင့်(၁၁)၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

စီးပွား/ကူးသန်းအသင်း၊ ဘဏ္ဍာ/ အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ကိုးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ စီးပွား/ကူးသန်းက ပထမနေရာ၊ ဘဏ္ဍာ/အခွန်က ဒုတိယနေရာ၊ ပို့ဆောင်ရေးက တတိယနေရာတို့၌ ရပ်တည်နေခြင်းဖြစ်သည်။

ပွဲကောင်းတစ်ပွဲ

ပွဲအပြီးတွင် အနိုင်ရရှိသွားသော ပို့ဆောင်ရေးအသင်းအုပ်ချုပ်သူဦးကျော်မိုးအေး(လက်ထောက်မန်နေဂျာ)က "ယနေ့ပွဲမှာ နှစ်သင်းစလုံးအထူးကြိုးစားကစားခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိမိတို့ အသင်းသုံးပွဲဆက်တိုက်အနိုင်ရရှိခြင်းဖြစ်၍ ကိုးမှတ်ရရှိထားကြောင်း၊ သို့သော်လည်း ဂိုးသွင်းအားနည်းနေသေးကြောင်း၊ ခံစစ်ကို ဦးစားပေးကစားသလိုဖြစ်နေကြောင်း၊ ပထမပိုင်း၌ မိမိတို့အသင်း ကစားကွက်အသာဖြင့် ကစားပြီး ဦးဆောင်ဂိုးနှစ်ဂိုးရခဲ့၍ အနိုင်ရခြင်းဖြစ်ကြောင်း၊ ဒုတိယပိုင်း၌ ပြည်ထဲရေးအသင်းခြေအသာမှကစားနိုင်ကြောင်း၊ အရန်အင်အား ကောင်းမွန်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင်မှ လူငယ်များကိုရွေးချယ်ခေါ်ယူပြီး လေ့ကျင့်ပေးလျက်ရှိကြောင်း" ပြောကြားခဲ့သည်။

ပို့ဆောင်ရေးအသင်းနည်းပြချုပ် ဦးခင်မောင်တင့်ကလည်း "မိမိတို့ ကစားသမားများအထူးကြိုးစားကစားခဲ့ကြကြောင်း၊ ပြည်ထဲရေးအသင်းရှေ့တန်းမှ စည်သူဝင်းကို အတော်ထိန်းကစားခဲ့ရကြောင်း၊ အမှတ်ပေးချန်ပီယံဆုကို မျှော်မှန်းနိုင်ပြီဖြစ်သော်လည်း အရန်အင်အား နည်းနေသေးကြောင်း၊ ၅–၃–၂ ပုံစံကို အခြေခံပြီး ခံစစ်ဖြစ်ချိန်၌ ၄–၅–၁ ပုံစံကို ပြောင်းလဲကစားခဲ့ကြောင်း" ပြောကြားခဲ့သည်။

ယနေ့ပွဲ

ဇန်နဝါရီ၁၇ရက်(**ယနေ့**) ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။

(မြန်မာ့အလင်း)

ကျောက်ကြီး–ရန်ကုန် ခရီးသည်တင် မှန်လုံယာဉ် ရပ်နားထားစဉ် ပေါက်ကွဲမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၆

ယနေ့နံနက်ပိုင်းက ကျောက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် (၅ခ/၃၆၄၄) ယာဉ်မောင်း ထွန်းဝင်းလတ် မောင်းနှင်သော ကျောက်ကြီး–ရန်ကုန် ခရီးသည်တင် မှန်လုံယာဉ်သည် ရန်ကုန်–မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၆၈)အနီး ပျဉ်ပုံကြီးကျေးရွာ စစ်ကိုင်းလေးမာလာထမင်းဆိုင်၌ ခရီးသည်များ နံနက်စာသုံးဆောင်ရန်အတွက် ရပ်နားထားစဉ် နံနက်၈နာရီ ၄၅မိနစ်ခန့်တွင် ယာဉ်ပေါ်၌ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွား

ဖြစ်စဉ်တွင် ယာဉ်နောက်လိုက် လွင်စိုး အသက်(၃၅)နှစ် (ဘ) ဦးပု (ကျောက်တံခါးမြို့နယ် ကွင်းချောင်း ကျေးရွာနေထိုင်သူ)မှာ ကားရေဖြည့်ပြီး အနွေးထည်ကို ယာဉ်ပေါ်သို့တက်ရောက်သွားထားစဉ် ယာဉ်နောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား၍ ပေါက်ကွဲမှုနှင့်အတူ ယာဉ်ပေါ်၌ပင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက သတင်းဖော်ထုတ်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍ (၁)

ပါမောက္ခ
ဒေါက်တာပိုင်စိုး

လူ့ဘဝတွင် အခြေခံရည်မှန်းချက်တစ်ခုဖြစ်သော ရောဂါဘယကင်းရှင်းစွာ လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးသည် အထူးအရေးကြီးပါသည်။ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်နေကြသော ပြည်သူတစ်ရပ်လုံးကို ယင်းအခြေခံရည်မှန်းချက် ပြည့်မီရန်အတွက် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက် မူဝါဒများ၊ လုပ်ငန်းနည်းလမ်းများ ချမှတ်လုပ်ဆောင်လျက်ရှိပါသည်။ လူ့သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး ဟူသော ရည်မှန်းချက် မူဝါဒနှစ်ရပ်ချမှတ်ပြီး ရောဂါဘယကာကွယ်နှိမ်နင်းခြင်း၊ ထိရောက်သော ကုသမှုများပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း စသော နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ထမ်းများသည် ဆေးကုသခြင်း တစ်ခုတည်းသာ တတ်ကျွမ်းရုံသာမက ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ဆိုင်သော ဘက်ပေါင်းစုံမှလည်း တတ်ကျွမ်းနားလည်ရန် လိုအပ်ပါသည်။ ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးပညာပေး၍ မြှင့်တင်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟူသော သဘာဝတရားအရ ရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းတို့တွင်လည်း တတ်ကျွမ်းနေရန် လိုအပ်ပါသည်။ ထို့အတူ ဆေးဘက်ဆိုင်ရာ အသိဉာဏ်ပညာရပ်များကို အစဉ်လေ့လာတတ်ကျွမ်းနေရပြီး တတ်သိထားရှိသော ပညာရပ်များကို မျိုးဆက်သစ်များအား သင်ကြားဖြန့်ဖြူးပေးနိုင်ရမည် ဖြစ်ပါသည်။ ရောဂါဟောင်းရောဂါသစ်များအား ထိရောက်သော ကာကွယ်ကုသ ပညာပေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် သုတေသန နည်းပညာအားလည်း တတ်သိလုပ်ကိုင်ရန် လိုအပ်ပါသည်။ တိမ်မြုပ်နေသော တိုင်းရင်းဆေးပညာရပ်များအား သိပ္ပံနည်းကျ ဖော်ထုတ်ပြီး အနောက်တိုင်းဆေးများနည်းတူ အသုံးပြုနိုင်ရပါမည်။ အကျိုးရှိရှိ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန်အတွက် စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်သော စွမ်းရည်များလည်း ရှိရန် လိုအပ်ပါသည်။

စွမ်းအားစုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

နိုင်ငံတော် အကြီးအကဲသည် နိုင်ငံတစ်ဝန်း အရပ်ဒေသအသီးသီးသို့ ရောက်ရှိရာတွင် ကျန်းမာရေး ဝန်ထမ်းများအား အကြိမ်ကြိမ်တွေ့ဆုံပြီး လမ်းညွှန်သြဝါဒများပေးရာ၌ **“ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ ပစ္စည်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Human Resources Development နှင့် Material Development တို့ကို အချိုးညီပေါင်းစပ်နိုင်မှသာ ပညာရပ်ဆိုင်ရာ နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ပြင် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများ Research and Development ကို တွဲဖက်ဆောင်ရွက်သွားရန်လည်း လိုကြောင်း။**

“ကျန်းမာရေးနယ်ပယ် အပါအဝင် သိပ္ပံနှင့်ဝိဇ္ဇာပညာရပ် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရင်းခံကျသည်မှာ လူသား အရင်းအမြစ်ပင်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ထွန်းကားရန် မဖြစ်နိုင်ကြောင်း၊ ယခုအချိန်အထိ မိမိတို့နိုင်ငံ၌ ကျွမ်းကျင်သောပါရဂူများ၊ဆရာဝန်ကြီးများ ရှိနေသဖြင့် မိမိတို့၏ ဆေးပညာအဆင့်အတန်းကို အခြားနိုင်ငံများက လေးစားမှုရှိကြောင်း။

“နိုင်ငံတော်အတွက် လိုအပ်နေသော ကျန်းမာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များအပြင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ သူနာပြု တက္ကသိုလ်စသည်ဖြင့် တိုးချဲ့ဖွင့်လှစ်လျက်ရှိသကဲ့သို့ လုပ်ငန်းခွင်သင်တန်းများအဖြစ် ဒီပလိုမာ သင်တန်းများ၊ မဟာဘွဲ့ သင်တန်းများ၊ ပါရဂူဘွဲ့ သင်တန်းများကိုလည်း ဖွင့်လှစ်ထားပြီး ကျွမ်းကျင်သူများကို မွေးထုတ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း စေလွှတ်ပေးလျက်ရှိကြောင်း။

“နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းများ၏ ဆေးရုံကြီးများကို လိုအပ်သလို အဆင့်မြှင့်ပေးခြင်း၊ ကျေးလက်ကျန်းမာရေးအဆင့်အတန်း မြင့်မားလာအောင် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်၊တိုင်း ဒေသအားလုံး၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားစေချင်သည့် စေတနာအရင်းခံဖြင့် ယခုကဲ့သို့ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း” မိန့်ကြားခဲ့ပါသည်။

လမ်းညွှန်မှုများနှင့် ရည်မှန်းချက်များ ပြည့်မီနိုင်ရန်အတွက် ပစ္စည်း၊ လူ့စွမ်းအားစု၊ နည်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ် ၁၉၈၈ ခုနှစ်တွင် ကျပ် ၄၆၄ ဒသမ ၂ သန်း သုံးစွဲနေရာမှ ၂၀၀၇ ခုနှစ်တွင် ကျပ် ၄၈၀၁၇ ဒသမ ၃ သန်း သုံးစွဲသဖြင့် အဆ ၁၀၀ ကျော် တိုးတက်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ဆေးရုံများတွင် ဆေးပဒေသာပင်ရန်ပုံငွေများ စိုက်ထူခဲ့ရာ ယခုအချိန်၌ ကျပ် ၃၂၇၃ ဒသမ ၃၈ သန်း ရှိလာပြီ ဖြစ်ပါသည်။



ကျန်းမာရေးအသုံးစရိတ် (၁၉၈၈ မှ ၂၀၀၇)

တိုးတက်လာသော လူဦးရေနှင့် ထိရောက်သော ကုသမှုများ ပေးနိုင်ရန်အတွက် ဆေးရုံများကို တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် မြို့နှင့်ကျေးလက် ကျန်းမာရေးကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကျန်းမာရေးအဆင့်မြှင့်ရန်နှင့် ကျေးလက်နေ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် နိုင်ငံတစ်ဝန်းတွင် ကျေးလက်ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများနှင့် ဒေသန္တရ ကျန်းမာရေးဌာနများ ဖွင့်လှစ်ပါသည်။

<u>ဆေးရုံ-ဆေးခန်း ဖွံ့ဖြိုးတိုးတက်မှု</u>

ဆေးရုံ-ဆေးခန်း	၁၉၈၈	၂၀၀၇	တိုးတက်မှု
ဆေးရုံ	၆၃၁	၈၃၉	၂၀၈
ဆေးရုံခုတင်	၂၅၃၀၉	၃၅၅၄၄	၁၀၂၃၅
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၆၈	၁၃၁
ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန် ဆေးရုံ ၆၂ ရုံ၊ ဆေးခန်း ၁၀၆ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၆၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၈ ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင်ဖြစ်ပေါ်နေသော ကူးစက်မြန်ရောဂါများ၊ ရောဂါဆန်းများ၊ ပြန်လည်ခေါင်းမော့လာသော ရောဂါများအား စမ်းသပ်ရှာဖွေကုသရန်အတွက် ခေတ်မီဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းများ၊ ခွဲစိတ်ခန်းများ၊ အနီးကပ်ကြပ်မတ်ကုသမှု ပြုနိုင်ရန် အဆောက်အအုံများ လိုအပ်သဖြင့် နိုင်ငံတော်က စီမံကိန်းများချမှတ်၍ ဖြည့်တင်းဆောင်ရွက်လျက် ရှိပါသည်။ ပြည်နယ်နှင့်တိုင်းများ၊ မြို့နယ်များရှိ ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့ရာ စုစုပေါင်း ဆေးရုံ ၁၆၇ ရုံကို အဆင့်မြှင့်ပေးနိုင်ခဲ့ပါသည်။ ထို့အတူ အဆင့်မြှင့်ခဲ့သည့် ဆေးရုံများတွင်လည်း အဆင့်နှင့်အညီ ခေတ်မီဆေးပစ္စည်းများနှင့် ဓာတ်ခွဲကိရိယာများကို တပ်ဆင်ဖြည့်တင်းပေးခဲ့ပါသည်။

နိုင်ငံတော်က ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုလုပ်ငန်းများကို ဖြည့်ဆည်းခဲ့ရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ ခု စီမံကိန်း စသည်ဖြင့် နိုင်ငံတော်စီမံကိန်းများတွင် ထည့်သွင်း၍ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ၊ မီးရထားလမ်းများ၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးများ တည်ဆောက်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ခရီးပေါက်ခဲ့ပါသည်။ တောနှင့် မြို့ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက် ကျဉ်းမြောင်းပြီး မြန်မာပြည်တစ်ဝန်း ပြည်သူလူထုသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် ဆေးရုံ၊ ဆေးပေးဌာနများနှင့် လက်တစ်ကမ်းအကွာ အဝေးသာ ရှိပါတော့သည်။ ဆည်များ၊ ရေတွင်း ရေကန်များတည်ဆောက်ခဲ့သဖြင့် ပတ်ဝန်းကျင်ရာသီ ဥတုများ မှန်ကန်ခြင်း၊ ရေဘေးကာကွယ်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ရေမှကူးစက်သော ရောဂါများကိုလည်း ကာကွယ်နိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်တွင် ဖြစ်ပေါ်နေသော ကူးစက်မြန်ရောဂါများ၊ ရောဂါဆန်းများ၊ ဦးမော့လာသော ရောဂါဟောင်းများ၊ မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများအား ကာကွယ်ရာတွင်လည်းကောင်း၊ ကုသရာတွင် လည်းကောင်း၊ ပညာပေးရာတွင်လည်းကောင်း အထောက်အကူပြုရန် သုတေသနလုပ်ငန်းများသည် အရေးကြီးပါသည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆေးသုတေသန ပြုလုပ်သော ဆေးသုတေသန ဦးစီးဌာန တစ်ခုတည်း ရန်ကုန်မြို့၌ ရှိရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုပြုသည့်အတိုင်း နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် သုတေသနများကို တိုးတက်ပြုလုပ်ရန်နှင့် မှန်ကန်သော ယှဉ်ပြိုင်မှုဖြင့် လုပ်ငန်းတိုးတက်ရန်အတွက် ရန်ကုန်နှင့် အဆင့်တူ ဆေးသုတေသနဦးစီးဌာန(၂)ခုကို အထက်မြန်မာပြည် ပြင်ဦးလွင်မြို့နှင့် မြန်မာပြည် အလယ်ပိုင်းနေပြည်တော်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်းအပြင် အချိန်အခါနှင့် ပတ်ဝန်းကျင် အခြေအနေအရ လိုအပ်လာသော အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနနှင့် အမျိုးသားသွေးသုတေသနဌာနတို့ကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

အထက်တွင် ဖော်ပြသကဲ့သို့ ဌာနများ၊ အဆောက်အအုံများ တိုးချဲ့ခဲ့ရာတွင် ယင်းတို့နှင့်လျော်ညီသော စက်ပစ္စည်းကိရိယာအသုံးအဆောင်များကိုလည်း နိုင်ငံတော်မှ စီမံချက်များ အဆင့်ဆင့်ချမှတ်၍ တပ်ဆင်ဖြည့်ဆည်း ပေးခဲ့ပါသည်။ ယင်းအပြင် နိုင်ငံတော်မှ အမျိုးသားပညာရည် မြင့်မားရေး စီမံချက်ဖြင့် နိုင်ငံခြားငွေ အမြောက်အမြား အကုန်အကျခံ ဖြည့်ဆည်းပေးခဲ့ပါသည်။

ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် တတ်ကျွမ်းသော ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်သူ ဝန်ထမ်းများ လိုအပ်ပါသည်။ ထိုသို့ ပညာရှင်များ၊ ကျွမ်းကျင်သူများအား သင်ကြားမွေးထုတ်ရန်အတွက် တက္ကသိုလ်များ၊ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

<u>လူ့အင်အားဖွံ့ဖြိုးတိုးတက်မှု</u>



မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

လုပ်ငန်းညှိနှိုင်းစည်းဝေး

ဗဟိုသမဝါယမအသင်းနှင့် မန္တလေးတိုင်းသမဝါယမအသင်းများ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၉ရက်နံနက်က မန္တလေး–ရန်ကုန်လမ်း ရတနာပူရမြန်မာလက်မှုအနုပညာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူက အမှာစကားပြောကြားပြီး မန္တလေးတိုင်း အသင်းစုချုပ်ဥက္ကဋ္ဌနှင့် မြို့နယ်အသင်းစုချုပ်ဥက္ကဋ္ဌများ၊ စိုက်ပျိုးထုတ်လုပ်ရေး အသင်းစုချုပ်၊ ငွေကြေးဝန်ဆောင်မှု သမဝါယမအသင်းများက ညှိနှိုင်းဆွေးနွေးကြသည်။ **(၁၆၂)**

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ပူဇော်ကန်တော့ပွဲ

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ ဒသမအကြိမ်မြောက် သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၁၉ရက်(စနေနေ့) နံနက်၉နာရီတွင် ရန်ကုန် တက္ကသိုလ်များမော်ကွန်းတိုက်ဝင်း ဝိမာန်နေ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများထံ ဖိတ်စာများပေးပို့လျက်ရှိ၍ အသင်းသူ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားပြီး လူဒါန်းလိုပါက ဦးချိုအေး (အကြံပေးအဖွဲ့ဝင်) ဖုန်း–၆၉၉၅၁၈၊ ၀၉–၈၀–၂၀၄၀၀၊ ပါမောက္ခ ဦးသိန်းရွှေ (စာ/သု ဌာန၊ ရန်ကုန်တက္ကသိုလ်) ဖုန်း–၅၃၄၇၇၂၊ ဦးကျော်ဦး (ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်) ဖုန်း–၅၅၉၂၈၀၊ ၅၄၆၉၈၁ နှင့် ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ဖုန်း–၅၃၅၈၄၇၊ ၅၃၆၉၂၇ တို့သို့ ဆက်သွယ်နိုင်ကြသည်။ (က–ပ)

စာဆိုတော်နေ့အခမ်းအနားကျင်းပ

မန္တလေးတိုင်း အမရပူရမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ (၆၃)ကြိမ်မြောက် စာဆိုတော်နေ့အခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၀ရက် နံနက်၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြီးစိန် (ရွှေညာမောင်ကြီး–မြစ်ငယ်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ **(၂၀၉)**

ကျေးရွာချင်းဆက် မြေသားလမ်းများဖောက်လုပ်

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများကိုဖောက်လုပ်ပေးလျက်ရှိရာ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများသည် ဒေသခံ ပြည်သူများနှင့် ပူးပေါင်း၍ လက်တီး–ယင်းတွေကျေးရွာချင်းဆက် မြေသားလမ်း ၁မိုင် ၂ဖာလုံ၊ မြို့တွင်း လမ်းများဖြစ်သော အင်ကြင်းလမ်း၊ ယုဇနလမ်း၊ ဂန္ဓမာလမ်း ၁မိုင်၃ဖာလုံ အား မြေကော်စက် Back.Hoe ယာဉ်၊ စက်ယန္တရားများ အသုံးပြု၍ လမ်းဖြစ်မြောင်းကို မြေသားတင်ဆောင်ရွက်ခဲ့ကြပြီး တည်တော–ချောင်းမီးတို ကျေးရွာချင်းဆက်မြေသားလမ်း တစ်မိုင်ကို အဖွဲ့ရန်ပုံငွေကျပ် ၂၁၄၈၀၀၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ (မြို့နယ်စည်ပင်)

ရိုးရာလက်မှုပညာသင်တန်းဆင်းပွဲ

ကချင်ပြည်နယ် ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လောင်ဇွမ် (ခေါ်) သစ်ခွချည်မျှင် ဒီဇိုင်းအလှဖော် ရိုးရာလက်မှုပညာသင်တန်း ဆင်းပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၄ရက် နံနက် ၁၀နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

သဲကုန်းစည်ပင် လက်နှိပ်တုံကင် ရေတွင်းတူးဖော်

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပုတီးကုန်းနယ်မြေ ရင်းတိုက်မော် အုပ်စု ချောင်းစု ကျေးရွာ၌ လက်နှိပ်တုံကင် ရေတွင်းတူးဖော်ဆောင်ရွက် ပြီးစီးမှုကို ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရွှေညဝါ အင်္ဂလိပ်စာပညာဒါန

အင်္ဂလိပ်စာ ဝါရင့်အတွေ့အကြုံရှိသော ဆရာမကြီးဒေါ်ခင်သူဇာက English Grammar နှင့် Speaking ကို ဇန်နဝါရီ၁၉ရက်(စနေနေ့)မှ စတင်၍ အပတ်စဉ် (စနေနှင့်တနင်္ဂနွေ)နေ့တိုင်း ညနေ၄နာရီမှ ၆နာရီအထိ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်ရှိ ရွှေညဝါ ပညာ့ဗိမာန်သုံးထပ် ကျောင်းတော်ကြီး၌ သင်ကြားပေးမည်ဖြစ်၍ မည်သူမဆို အခမဲ့တက်ရောက် သင်ယူနိုင်သည်။ **(က–ပ)**

ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၂ရက်က ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်း အဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးဖေ နှင့် မကွေးတိုင်းမွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူးဒေါက်တာ မောင်လှိုင်တို့က အမှာစကားပြောကြားကြသည်။ (၀၇၀)

မြင်းခြံမြို့ စံပြဈေး အလေး၊ ချိန်ခွင်စစ်ဆေး

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးများတွင်ပြည်သူများ အလေးချိန်ခွင် မှန်ကန်စွာဖြင့် စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် အလေး၊ ချိန်ခွင်၊ တင်းတောင်းများစစ်ဆေးပေးလျက်ရှိရာ ဇန်နဝါရီ ၇ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးမျိုးတင့်နှင့် ဈေးခေါင်းဦးချစ်ဌွေးတို့သည် စံပြဈေးအတွင်း ဈေးရောင်းချသူများ၏ အလေး၊ ချိန်ခွင်၊ တင်းတောင်းများ မှန်ကန်မှုရှိမရှိကို စစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**



ဘုရားအလောင်း ဖွားမြင်တော်မူရာ (လုမ္ဗိနီ)ကို ဓာတ်ပုံ ဦးသန်းဇော်က ဤသို့ မှတ်တမ်းတင် ပူဇော်ရိုက်ကူးပြသထားသည်။

မြတ်စွာဘုရားဖွားမြင်တော်မူရာမှစ၍ ပရိနိဗ္ဗာန်ပြုရာအထိ ရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးမှတ်တမ်းတင်ထားသော

မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ ဓာတ်ပုံပြပွဲ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း) **စာမျက်နှာဖွဲ့စည်းမှု– ထိန်လင်း**

ရန်ကုန် ဇန်နဝါရီ ၁၆

အနှိုင်းမဲ့ရတနာ ဂုဏ်ကျေးဇူးအထူးကြီးလှစွာသော မြတ်စွာဘုရားသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၆၀ကျော်က အနောက်မဇ္ဈိမဒေသ၌ ပွင့်ထွန်းပေါ်ပေါက်ခဲ့သည်။



ဓာတ်ပုံဦးသန်းဇော် ရိုက်ကူးခဲ့သော ပရိနိဗ္ဗာန် စံဝင်တော်မူရာ (ကုသိနာရုံ) ဤသို့ ဖူးတွေ့ရသည်။

ဗုဒ္ဓသာသနာ ပေါ်ထွန်းရာ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဗုဒ္ဓနှင့် ဆက်စပ်သော ကြည်ညိုဖွယ်သော အနှိုင်းမဲ့နေရာပေါင်းများစွာ တည်ရှိနေသည်။

ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အနှိုင်းမဲ့နေရာများကို ရွှေတိဂုံစေတီတော်၌ အများပြည်သူတို့ လွယ်လင့်တကူ ဦးခိုက်ကြည်ညိုနိုင်စေရန် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ကူညီမှုဖြင့် ဦးသန်းဇော်(သီဟသုဓမ္မ မဏိဇောတရေ) – ဇနီး ဒေါ်ဝါဝါသိန်း မိသားစုက ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ် မှတ်တမ်းဓာတ်ပုံများကို အများပြည်သူများ ကြည်ညိုကြည့်ရှုနိုင်ရန် စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ဇန်နဝါရီ၁၅ရက်မှ ဖေဖော်ဝါရီ၁၇ရက်အထိ ရွှေတိဂုံ စေတီတော် မြောက်ဘက်မုခ် ချမ်းသာကြီးတန်ဆောင်း၌ ခင်းကျင်းပြသလျက်ရှိသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် ဓာတ်ပုံများကို ရိုက်ကူးခဲ့သော ဦးသန်းဇော်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာတွင် **“ကျွန်တော်တို့နိုင်ငံအနေနဲ့ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ပြီး ဘုရားဖူးပြည်သူတွေ ဗုဒ္ဓဂယာကို အကြောင်းအမျိုးမျိုးကြောင့် မသွားနိုင်တာ၊ အချို့က ငွေရေးကြေးရေး၊ကျန်းမာရေး၊အလုပ်ကိစ္စမအားလို့စတဲ့ ဘုရားဖူးပြည်သူတွေကို ဒီမှာပဲဘုရားဖူးရအောင် ရည်ရွယ်ချက်နဲ့ ပြသခြင်းဖြစ် ပါတယ်”**ဟု ဦးစွာရှင်းပြသည်။

“ဗုဒ္ဓဂယာကို ၁၉၉၇ခုနှစ်က ပထမဆုံး အကြိမ် မိသားစုနှင့်ရောက်ခဲ့ရာ ဓာတ်ပုံ ဝါသနာပါလို့ ဘုရားဖူးခရီးစဉ် ဓာတ်ပုံ မှတ်တမ်းများကို ရိုက်ကူးခဲ့ပါတယ်”ဟု ဆက်လက်ရှင်းပြသည်။ **“ဗုဒ္ဓဂယာကို ဘုရားဖူး ခြောက်ကြိမ်မြောက် မသွားခင်**

လေးခေါက်မြောက်မှာ ဓာတ်ပုံပြပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတုန်းက လောကချမ်းသာ အဘယလာဘမုနိ ရင်ပြင်မှာပထမဆုံးအကြိမ်



ဓာတ်ပုံပြပွဲနဲ့ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှာ ရွှေတိဂုံ စေတီတော် မြောက်ဘက် မုခ်ရှိ ချမ်းသာကြီးတန်ဆောင်းမှာ ဒုတိယ အကြိမ် ပြသခဲ့ပါတယ်။ အဲဒီမတိုင်ခင် စင်ကာပူ

သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင် (ဗုဒ္ဓဂယာ)နေရာ။

နိုင်ငံနှင့်ထိုင်းနိုင်ငံတွေမှာ ဗုဒ္ဓဂယာ ဓာတ်ပုံမှတ်တမ်း တင်ပုံတွေကို ခင်းကျင်း ပြသခဲ့ပါတယ်။ ဒီပြပွဲနဲ့ ဆိုရင် ဓာတ်ပုံပြပွဲ ငါးကြိမ် ရှိပြီ”ဟု ဦးသန်းဇော်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ဓာတ်ပုံပြပွဲ၌ လက်မ ၃၀ × ၄၀၊ လက်မ ၂၀ × ၃၀ အရွယ်အစားကနေပြီး အသေး ၁၂ × ၁၈လက်မ အရွယ်အထိ ဓာတ်ပုံ ပေါင်း၂၀၀နီးပါး ခင်းကျင်း ပြသထားသည့် အတွက်

အများပြည်သူများ ဖူးမြော်ကြည်ညို ကြည့်ရှုနိုင်ရန် ဓမ္မဒါနအဖြစ် ပြသခြင်း ဖြစ်ပါတယ်။ ဦးသန်းဇော် (သီဟသုဓမ္မ မဏိဇောတရေ)

လေ့လာ ကြည်ညို ဖူးမြော်ရတာ အားရစရာ ကောင်းလှသည်။ ဓာတ်ပုံများကို လေ့လာသည့် အခါ မြတ်စွာဘုရား ဖွားမြင်တော်မူရာ နေရာမှစ၍ ပရိနိဗ္ဗာန်ပြုခဲ့သော နေရာများအထိ ဓာတ်ပုံ အယူအဆ ရှုထောင့် အမျိုးမျိုးမှ ရိုက်ကူးထားမှုကို ဖူးတွေ့ရသည်။

မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ ရတနာ ဓာတ်ပုံပြပွဲကိုနေ့စဉ်နံနက်၇နာရီမှ ည ၇နာရီအထိ ပြသထားရာ ဘုရားဖူးပြည်သူများ သွားရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ ဓာတ်ပုံပြပွဲတွင် ဘုရားဖူးပြည်သူများ ဤသို့ ဖူးမြော်ကြည်ညိုလေ့လာကြသည်။

အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲနှင့် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

၁၃၆၈ ခုနှစ် (၂၀၀၇ ခုနှစ်) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အစိုးရ ဓမ္မာစရိယနှင့် နိကာယ်စာမေးပွဲတို့တွင် အောင်မြင်တော်မူခဲ့ကြသော ကျမ်းပြီး၊ ကျမ်းစွဲဂုဏ်ပြုခံ သာသနာ့အာဇာနည် ၉၆ ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် (ဇန်နဝါရီ ၂၃ ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြရန် ဖိတ်ကြားထားသည်။

ပူဇော်ပွဲအကြိုအဖြစ် ဇန်နဝါရီ ၂၀ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂၁ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ(မန္တလေး မစိုးရိမ်တိုက်သစ်ဆရာတော်)၊ ၂၂ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ(သီတဂူဆရာတော်)တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ကျန်းမာရေးသတင်းမှတ်စု

မြင့်မောင်စိုး ရေးသည်။

ဆီအလွန်အကျွံစားသုံးမှု ကျန်းမာရေးထိခိုက်

လန်ဒန် ဇန်နဝါရီ ၁၆

လူတို့ နေ့စဉ်စားသုံးသောအစားအစာများတွင် စားသုံးဆီများ အလွန်အကျွံပါဝင်ခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားနိုင်ကြောင်း ၂၀၀၇ ခုနှစ် ဩဂုတ်လထုတ် ဗြိတိသျှဆေးဂျာနယ်တွင် ဖော်ပြထားသည်။

လွန်ကဲမှု

အမျိုးသမီးတစ်ဦး၏ သာမန်သွေးခုန်နှုန်းမှာ ၁၂၀၊ ၈၀ ဖြစ်သော်လည်း ဆီစားသုံးမှုလွန်ကဲလာခြင်းကြောင့် အဝလွန်ရောဂါ ဖြစ်ပွားကာ ကျန်းမာရေးထိခိုက်မှုများဖြစ်ပွားနိုင်ကြောင်း အဆိုပါဆေးဂျာနယ်တွင် ဖော်ပြထားသည်။

စားသုံးဆီများ အလွန်အကျွံစားသုံးခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်းနှင့် နှလုံးရောဂါများဖြစ်ပွားနိုင်ကြောင်းလည်း လေ့လာတင်ပြထားသည်။

သုတေသနပြု

ဗြိတိသျှ သိပ္ပံပညာရှင်များသည် ဆီစားသုံးမှုနှင့် ကျန်းမာရေးပြဿနာများအပေါ် အခြေခံပြီး ဆီစားသုံးသော အမျိုးသမီး ၃၉၃၂၂ ဦးအား ၁၀ နှစ်ကျော်ကြာ သုတေသနပြု လေ့လာခဲ့သည်ဟု ဆိုသည်။

အဆိုပါသိပ္ပံပညာရှင်များသည် ဆီစားသုံးမှုများသော အမျိုးသမီးများနှင့် ဆီစားသုံးမှုနည်းသော အမျိုးသမီးများကို နှိုင်းယှဉ်လေ့လာခဲ့ရာ ဆီစားသုံးမှုများသော အမျိုးသမီးများမှာ အဝလွန်ရောဂါဖြစ်ပွားကာ နှလုံးနှင့်ပတ်သက်သော ရောဂါများ ဆက်စပ်ဖြစ်ပွားသည်ကို တွေ့ရသည်ဟုဆိုသည်။

စားအုန်းဆီနှင့် တိရစ္ဆာန်များမှရရှိသော ဆီများသည် လူ၏ခန္ဓာကိုယ်သွေးကြောများအတွင်း ကိုလက်စထရောဖြစ်မှု ပိုများခြင်းကြောင့် သွေးကြောကျဉ်းရောဂါများ ဖြစ်ပွားရသည်။

ဟင်းသီးဟင်းရွက်

ဆီစားသုံးမှုကြောင့် ကျန်းမာရေးထိခိုက်မှုနည်းပါးစေရန် စားအုန်းဆီကဲ့သို့ ဆီများအစား ဟင်းသီးဟင်းရွက်မှ ထုတ်ယူရရှိသည့်ဆီများကို အစားထိုး စားသုံးလာကြသည်။ (ကိုးကား-အင်တာနက်)

စည်းကမ်းမဲ့ ယာဉ်မောင်းနှင်မှု လမ်းဖြတ်ကူးသူ တိုက်မိ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့်ရတနာလမ်း တောင်ဥက္ကလာပမြို့နယ် ၁၆ ကွေ့ လမ်းဆုံ ၁၆/၂ ရပ်ကွက်ဘက်ခြမ်း မီးပွိုင့်ထိပ်၌ ယနေ့နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က အမျိုးသမီးကြီးတစ်ဦးအား အရှိန်ပြင်းစွာ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးက တိုက်မိပြီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ယာဉ်တိုက်ခံရသူ (ဘ)ဦးတင်မောင် ဒေါ်သောင်းတင် (၆၂)နှစ်သည် ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် အမှတ် ၂၈၀ မြနန္ဒာလမ်းတွင် နေထိုင်သူဖြစ်ပြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော် အနောက်ဘက်မုခ်၌ စာကလေး ငှက်သတ္တဝါများအား ဘေးမဲ့ ကုသိုလ်ပြုသူများအတွက် အသက်မွေးဝမ်းကျောင်းပြု ရောင်းချနေသူ တစ်ဦးဖြစ်သည်။

ယာဉ်တိုက်ခံရသူ ဒေါ်သောင်းတင်မှာ ၁၆ ကွေ့ မီးပွိုင့်လမ်းဖြတ်အကူး၌ မော်တော်ယာဉ်တစ်စီးမှ အရှိန်ပြင်းပြင်းမောင်းနှင်၍ မီးပွိုင့်အရောက်တွင် အရှိန်မလျှော့ဘဲ မောင်းမှုကြောင့် လမ်းဖြတ်ကူးသူ ဒေါ်သောင်းတင်အား တိုက်မိပြီး ပြင်းထန်စွာဒဏ်ရာရရှိကာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားသည်။ ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွား၍ နယ်မြေ(၄) ယာဉ်မှုစစ်မှတာဝန်ရှိသူတို့က ယာဉ်တိုက်မှုနှင့် လူသေမှုခင်းအဖြစ် အမှုဖွင့်အရေးယူ ဆောင်ရွက်ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၁၂၁)**

မြို့သာယာလှပရေး သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်က မြင်းခြံ-တလုပ်လမ်းဘေးဝဲယာ ချုံနွယ်များရှင်းလင်းခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်ရာ မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်အောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးတင့်ဝေတို့က ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ခရီးသည်တင်ဒိုင်နာယာဉ်တိမ်းမှောက် ခရီးသည်ကိုးဦး ဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၆

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်၊ ကျောင်းလမ်း ၁၇ မှတ်တိုင်အနီးတွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က ရွှေပေါက်ကံ-ရွှေပြည်သာ အမှတ်(၈၀)သန်မြန်သူမော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်း မင်းသိန်းဦး (စိစစ်ဆဲ) မောင်းနှင်လာသည့် ခရီးသည်တင် ဒိုင်နာယာဉ်သည် ရွှေပေါက်ကံဘက်မှ မောင်းနှင်လာစဉ် အခြားယာဉ်တစ်စီးအား အပြိုင်ကျော်တက်ရာမှ လမ်းဘေးသို့ အရှိန်လွန် ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ မသီတာ ၂၉ နှစ် (ဘ) ဦးစန်းအေး၊ အမှတ် ၄၆၉ မြဝတီမင်းကြီးလမ်း ၁၇ ရပ်ကွက် ရွှေပေါက်ကံမြို့အပါအဝင် အမျိုးသမီးငါးဦးနှင့် အမျိုးသားလေးဦး စုစုပေါင်းခရီးသည်ကိုးဦးမှာ ပွန်းပဲ့ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မင်းသိန်းဦး ၃၆ နှစ် (ဘ)ဦးငွေမောင်အပေါ် (ပ)သတင်းအချက်အမှတ် ၄၂/၂၀၀၈ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

လီဗာပူးနှင့် ကလင်းစမန်း

မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၅

လီဗာပူးအသင်းမှာ ဘင်နီတက်ဇ်နဲ့ အသင်းပိုင်ရှင်တွေအကြား ပြဿနာတွေဖြစ်နေတာမို့ နည်းပြပြောင်းလဲရေးအထိ ရိုက်ခတ်နေပြီဖြစ်တာကြောင့် လီဗာပူးအသင်း နည်းပြအဖြစ် ရေပန်းစားလာတဲ့သူ တစ်ဦးကတော့ ကလင်းစမန်းပဲ ဖြစ်ပါတယ်။

ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟိုကို လီဗာပူးအသင်းပိုင်ရှင် တွမ်ဟစ်စ်နဲ့ ဂျော့ဂီးလက်တို့က နည်းပြတာဝန်ယူပေးဖို့ ကြိုးစားခဲ့ပေမယ့် ပထမတော့ ကူညီပေးမယ်ဆိုတဲ့ စကားမျိုးပြောခဲ့ပြီးမှ အင်္ဂလန်မှာ ခြေမချချင်တော့ဘူးလို့ဆိုခဲ့တာမို့ လီဗာပူးအသင်းပိုင်ရှင်တွေ စိတ်ပျက်သွားခဲ့ရပြန်ပါတယ်။

ဂျာမနီနည်းပြဟောင်း ကလင်းစမန်း။

နည်းပြသစ်

ဒါကြောင့် နည်းပြသစ်ရှာနေပြီဖြစ်တဲ့ လီဗာပူးအသင်းပိုင်ရှင်တွေဟာ ဂျာမန်အသင်းနည်းပြဟောင်း ကလင်းစမန်းဘက်ကို ခြေဦးလှည့်ခဲ့ပြီဖြစ်ပါတယ်။ လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကတော့ မိမိ လီဗာပူးအသင်း တိုးတက်ရာ တိုးတက်ကြောင်းကို စွမ်းဆောင် ပေးချင်သေးပါတယ်လို့ ဆိုနေပါတယ်။ ဒါ့အပြင် လီဗာပူးနဲ့အတူ အောင်မြင်မှုတွေရအောင် ကြိုးစားပေးချင်တယ်လို့ ပြောကြားနေပေမယ့် အသင်းပိုင်ရှင်တွေကတော့ နည်းပြသစ် ရှာနေပြီဖြစ်ပါတယ်။

လမ်းခွဲဖို့

လီဗာပူး အသင်းပိုင်ရှင်တွေကတော့ ဘင်နီတက်ဇ်ဟာ စပိန်ကလပ်အသင်း တစ်သင်းကို ပြောင်းရွှေ့ဖို့ မိမိတို့သိနေတာမို့ နည်းပြသစ်ရှာဖွေနေရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ လီဗာပူးအသင်းပိုင်ရှင်တွေဟာ ဘင်နီတက်ဇ်ရဲ့ စွမ်းရည်ကို အသိအမှတ်ပြုထားသူတွေ ဖြစ်ပေမယ့် ဘောလုံးသမားဝယ်ယူရေးကိစ္စတွေမှာ ညှိနှိုင်းမှုမရ၊ ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့တာမို့ ဘင်နီတက်ဇ်နဲ့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ပစ်မှတ်ထား

အခုဆိုရင် လီဗာပူးအသင်းပိုင်ရှင်တွေဟာ ကလင်းစမန်းနဲ့ တွေ့ဆုံဆွေးနွေးနေပြီဖြစ်တဲ့အပြင် ဘင်နီတက်ဇ်နေရာမှာ အစားထိုးဖို့ ကလင်းစမန်းကို အဓိကပစ်မှတ်ထားနေပြီ ဖြစ်ပါတယ်။ တကယ်တော့ လီဗာပူးအသင်းပိုင်ရှင်တွေဟာ ကလင်းစမန်းနဲ့ ဆက်သွယ်မှုရှိနေတာဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလကတည်းက ဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီအချိန်တုန်းက လီဗာပူးအသင်း နည်းပြအဖြစ် ကလင်းစမန်း စိတ်ဝင်စားမှုရှိ မရှိနဲ့ ကလင်းစမန်းရဲ့ အနေအထားကိုလီဗာပူးအသင်းပိုင်ရှင်တွေက တီးခေါက်ခဲ့ကြည့်ကြခြင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘင်နီတက်ဇ်က အသင်းမှာလိုအပ်နေတဲ့ ဘောလုံးသမားအသစ်တွေ ဝယ်ယူဖြည့်ဆည်းဖို့ စတင်ပြောနေချိန်ဖြစ်ပြီး အသင်းပိုင်ရှင်တွေနဲ့ ဆက်ဆံရေးအဆင်မပြေတဲ့အချိန် ဖြစ်ပါတယ်။

အခြေအနေ

ကလင်းစမန်းဟာ လက်ရှိအချိန်မှာ ဘွန်ဒက်စ်လီဂါကလပ် ဘေယန်မြူးနစ်အသင်းမှာ နည်းပြလုပ်နေပါတယ်။ ဘေယန်မြူးနစ်ရဲ့ နည်းပြအဖြစ် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီအကုန်အထိ တာဝန်ယူပေးရမှာဖြစ်တာကြောင့် တကယ်လို့ လီဗာပူးအသင်းကို ပြောင်းရွှေ့မယ်ဆိုရင်တောင် ဘောလုံးရာသီကုန်ဆုံးမှ ရောက်ရှိမယ့် အခြေအနေရှိပါတယ်။

ဒါကြောင့် လီဗာပူးအသင်းကို တာဝန်ယူမယ့် နည်းပြ ကလင်းစမန်းဟာဘယ်အချိန်မှာပြောင်းရွှေ့ရောက်ရှိလာမလဲဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အင်္ဂလန်နှင့်ကစားမည့်ပွဲစဉ်များထုတ်ပြန်

အင်္ဂလန်အသင်း၏ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ဇယား

ပွဲစဉ်	ရက်စွဲ	ကွင်း
အင်ဒိုရာ-အင်္ဂလန်	၆-၉-၂၀၀၈	အဝေးကွင်း
ခရိုအေးရှား-အင်္ဂလန်	၁၀-၉-၂၀၀၈	အဝေးကွင်း
အင်္ဂလန်-ကာဇက်စတန်	၁၁-၁၀-၂၀၀၈	အိမ်ကွင်း
ဘီလာရုစ်-အင်္ဂလန်	၁၅-၁၀-၂၀၀၈	အဝေးကွင်း
အင်္ဂလန်-ယူကရိန်း	၁-၄-၂၀၀၉	အိမ်ကွင်း
ကာဇက်စတန်-အင်္ဂလန်	၆-၆-၂၀၀၉	အဝေးကွင်း
အင်္ဂလန်-အင်ဒိုရာ	၁၀-၆-၂၀၀၉	အိမ်ကွင်း
အင်္ဂလန်-ခရိုအေးရှား	၉-၉-၂၀၀၉	အိမ်ကွင်း
ယူကရိန်း-အင်္ဂလန်	၁၀-၁၀-၂၀၀၉	အဝေးကွင်း
အင်္ဂလန်-ဘီလာရုစ်	၁၄-၁၀-၂၀၀၉	အိမ်ကွင်း

(အင်တာနက်)

ဩစတြေးလျ အိုးပင်းပြိုင်ပွဲ ရှာရာပိုဗာက ဒေဗင်ပို့အား အနိုင်ယူ

မဲလ်ဘုန်း ဇန်နဝါရီ ၁၆

ကြီးလေးကြီး တင်းနစ်ပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ဇန်နဝါရီ ၁၄ ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲကြီးတွင် ကမ္ဘာကျော် အမျိုးသား တင်းနစ်ကစားသမားများနှင့် အမျိုးသမီး တင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်ပြီး ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အနိုင်ရ

ဇန်နဝါရီ ၁၆ ရက်က ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲတစ်ရပ်တွင် နာမည်ကြီး ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာက ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းအမေရိကန်သူ လင်ဆေးဒေဗင်ပို့တ်အား ဒုတိယအကျော့၌ ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိသွားသည်။ **(အပေါ်ပုံ)**

ဒေဗင်ပို့တ်သည် ၂၀၀၇ ခုနှစ် ဇွန်လက သားဖြစ်သူ ဂျက်ဂါအား မွေးဖွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဂရင်းဆလမ်းပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော ပြိုင်ပွဲ ငါးပွဲကစားခဲ့ရာတွင် ပထမဆုံး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် ယခုပွဲအနိုင်ရလိုက်သဖြင့် လာမည့်ပွဲစဉ်များကိုလည်း အနိုင်ကစားပြီး ဗိုလ်လုပွဲသို့ အရောက်တက်လှမ်းနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ရှာရာပိုဗာက ပြောကြားသည်။

ကမ္ဘာ့နံပါတ်ငါး အဆင့်ရှိ ရှာရာပိုဗာသည် လာမည့်ပြိုင်ပွဲတွင် တတိယအကျော့ပွဲစဉ်အဖြစ် တစ်နိုင်ငံတည်းသူ ဗက်စ်နီနာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ-မြင့်စိုး

မော်ကျွန်း ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲနှင့် ပဋ္ဌာန်းပူဇော်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပြည်လုံးချမ်းသာ ဆုတောင်းပြည့် မြတ်စွာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် (၂၈)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၆)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီက ပြည်လုံးချမ်းသာဘုရားတန်ဆောင်းတော်ကြီးရှေ့မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ပြည်လုံးချမ်းသာ ဆုတောင်းပြည့် မြတ်စွာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ နှစ်(၁၀၀)ပြည့်ပွဲတော်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲ၊ တရားပွဲများ၊ သံဃဒါနဆွမ်းလောင်းလှူပွဲ၊ သံဃာအပါး၁၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ မဟာရန်ကုန်ဘဏ္ဍာ/အခွန် ခြင်းအဖွဲ့၊ ဒေးဒရဲ ရတနာမင်း ဆင်အဖွဲ့နှင့် ဈေးပွဲတော်တို့ဖြင့် ဇန်နဝါရီ၁၀ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒေးစွန်ပါ ဆံတော်ရှင် စေတီ ထီးတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်

ပဲခူး ဇန်နဝါရီ ၁၂

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်ကြီး ထီးတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် ဆံတော်ရှင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ အေးငြိမ်းချမ်းသာ မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဒေးစွန်ပါ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် ၁၁ ပါး၏ ဩဝါဒကိုခံယူပြီး ထီးတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲကို ဘုရားဂေါပကအဖွဲ့က ငွေကျပ် သိန်း ၃၀၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ်နေ ဆရာကြီး ဦးတင်ဌေး မိသားစုက ငွေကျပ် ၂၂ သိန်း ငါးသောင်း၊ သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် အောင်နီလာလမ်းနေ အရဟံ ဆရာအောင်၊ ဇနီး ဒေါ်နှင်းရည်ကျော်၊ သား မောင်ဘုန်းပြည့်ကျော် မိသားစုက ငွေကျပ် ၁၈ သိန်း၊ အလုံမြို့နယ် ဆင်မင်းဈေးနေ ဒေါ်သန်းသန်းဌေး မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များ စုပေါင်းပါဝင်၍ ထီးတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပကြမည်ဖြစ်သည်။

ဆက်ကပ်

အလှူမင်္ဂလာ အခမ်းအနားနေ့တွင် ပင့်သံဃာတော် ၁၈ပါးအား ဆွမ်းနှင့်ဝတ္ထုလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

သုံးရက်တိုင်

ထီးတော်တင်လှူပွဲနေ့ဖြစ်သော ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် ဘုရားဖူးလာရောက်ကြမည့် ဧည့်သည်တော်များကို စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ရာ ဘုရားဖူးများ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုလှူဒါန်းရေး၊ ဘုရားဖူးကားများ ရပ်နားရေး၊ တည်းခိုရေးတို့ကို ဂေါပကအဖွဲ့က အထူးစီမံဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် ပဲခူးမှ ဒေးစွန်ပါဘုရားအထိ မော်တော်ယာဉ်များ စီစဉ်ထားသည်။

လှူဒါန်းနိုင်

ထီးတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲ(ဒေးစွန်ပါဘုရား) အတွက် လှူဒါန်းလိုသူများသည် ဘေးမဲ့ကျိုက်စွန်ပါကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်နှင့် ထီးတော်တင်လှူပွဲ ကျင်းပရေးကော်မတီနာယကအဖွဲ့ဝင် ဘဒ္ဒန္တကောသိက သိဒ္ဓိနှင့် ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှဟန် ဖုန်း-၀၉-၅၁-၇၇၆၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် အမှတ် ၄၂/၃၂ တိုးချဲ့ရပ်ကွက် ခိုင်သဇင်လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒုတိယဗိုလ်မှူးကြီး မြသိန်း(ငြိမ်း)-ဒေါ်ရီရီမြင့်မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြို့နယ် သတင်းများ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု သနပ်ပင်မြို့ ပဲခူး-စစ်တောင်း တူးမြောင်းတံတားဖွင့်

သနပ်ပင် ဇန်နဝါရီ ၁၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့ ပဲခူး-စစ်တောင်း တူးမြောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီက အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ မြို့မိမြို့ဖ ဦးအောင်မောင်းက ရှင်းလင်းတင်ပြပြီး ဦးအောင်မောင်း၊ ဦးအုံကြီးနှင့်ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း ပေးပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ပြီးသော အရှည်ပေ ၁၉၀၊ ၃၂ ပေ၊ ၁၄ ပေရှိ ပဲခူး-စစ်တောင်း တူးမြောင်းဖြတ် တံတားကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ခြစ်စည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ပိုင်းမော် ဇန်နဝါရီ ၈

ကချင်ပြည်နယ် ပိုင်းမော်မြို့နယ် ဝူယန်ကျေးရွာအုပ်စု လမြန်ရွာ၌ ဒေသခံပြည်သူများစုပေါင်း၍ ခြံစည်းရိုး ကြက်ဆူကိုင်းပင် ၁၇၀၀ စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၂ရက်က လမြန်ရွာအမကကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။

အလားတူ ကြက်ဆူစိုက်ပျိုးပွဲကို နန်ဝါကျေးရွာအုပ်စုနှင့် မဒိန်ကျေးရွာအုပ်စုတို့တွင် တစ်ပြိုင်တည်းကျင်းပကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ကြီးမြို့၌ လူငယ်ချစ်ကြည်ရေးဘောလုံးပြိုင်

တောင်ကြီး ဇန်နဝါရီ ၁၂

(၈)ကြိမ်မြောက် တောင်ကြီးမြို့နယ် ဘန့်ကွေးကျေးရွာအုပ်စု သစ်ပင်ထောင်ကျေးရွာ လူငယ်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၇ရက် နံနက် ၉နာရီက သစ်ပင်ထောင်အားကစားကွင်းတွင် ကျင်းပသည်။

ယှဉ်ပြိုင်

ကျေးလက်လူငယ် ဘောလုံးအားကစားပြိုင်ပွဲတွင် သစ်ပင်ထောင်ကျေးရွာလူငယ်အဖွဲ့က လေးသင်း၊ မကျီးပင်လူငယ်က တစ်သင်း၊ မြေနီကုန်းကျေးရွာက တစ်သင်း၊ နမ်းဟူးပေါမူက တစ်သင်း၊ ကျီးဖြူကန်-ကုန်းမို့ရွာက တစ်သင်း၊ အမှတ်(၇)အောင်သပြေက တစ်သင်း၊ အေးသာယာရပ်ကွက်(၁) နယ်မြေ(၂)က တစ်သင်း၊ ရပ်ကွက်(၃) ထုံးဖိုက တစ်သင်း၊ ရပ်ကွက်(၄) နောင်အင်မြောက်က ငါးသင်းနှင့် ရပ်ကွက်(၆) နောင်အင်တောင်က တစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို တစ်ရက်လေးပွဲဖြင့် စုစုပေါင်း ၁၈သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ကျေးလက်လူငယ်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ၂၇ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အတွင်းရေကျော်ကျေးရွာတွင် ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကလော ဇန်နဝါရီ ၅

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဟဲဟိုးမြို့မဈေးကြီးအတွင်း ဒီဇင်ဘာ ၁၅ ရက်က ဟဲဟိုးရုံးခွဲတာဝန်ခံဦးမျိုးဆန်း၊ မီးသတ်တပ်ဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း ဝေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ နည်းစနစ်မှူး ဦးအောင်လင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာကျော်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ပါဝင်ဆင်နွှဲလမ်းလျှောက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂပူမြို့၌ စာပေဟောပြော

အင်္ဂပူ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အင်္ဂပူမြို့နယ် စာပေဟောပြောပွဲ ကျင်းပရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် အင်္ဂပူမြို့နှင့် မဲဇလီကုန်းမြို့တို့တွင် ဇန်နဝါရီ ၄ရက်နှင့် ၅ရက်တို့က စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပရာ ရန်ကုန်မြို့မှ လူငယ်ဆရာဝန် စာရေးဆရာမဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)၊ အမျိုးသားစာပေဆုရ စာရေးဆရာ ကျော်ဝင်းနှင့်ကြည်နိုင်၊ စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် စာရေးဆရာ ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။

အဆိုပါဟောပြောပွဲမစတင်မီ အင်္ဂပူမြို့ စံကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ(အဂ္ဂမဟာအကျော်)အား သင်္ကန်းဒွိစုံနှင့် မြို့နယ်စာကြည့်တိုက်များအတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို စာရေးဆရာမဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးလုပ်ငန်း ပါဝင်ကူညီသူများ ငါန်းဇွန်၌ ဂုဏ်ပြုဆုချီးမြှင့်

ငါန်းဇွန် ဇန်နဝါရီ ၈

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျင်းပသော ကူးစက်ရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါပညာပေးဟောပြောခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၃ရက်က ငါန်းဇွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကူးစက်ရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြောခြင်းလုပ်ငန်းများ၌ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်စာရေးများ၊ ကြက်ခြေနီများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇော်ထွေးက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ ဇီဝလုံခြုံမှုနည်းပညာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရွှေသိင်္ဂီရတနာဓမ္မာရုံ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ ဦးကျောက်လုံးအားရည်စူး၍ ဦးကျောက်လုံး ပရဆေးဆိုင် ၈၃ လမ်း ဘုရားကြီးဈေး မန္တလေးမြို့နေ ဦးမောင်ကို-ဒေါ်မြခင်နှင့်သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

တည်ဆောက်ဆဲ အဆင့်မြင့်သုံးထပ် အမျိုးသမီးယောဂီဆောင်အတွက် အမှတ် ၄၇ ဦးကြွယ်ဟိုးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းနေ ဦးကိုလေး-ဒေါ်ရီလေး မိသားစုနှင့် အမှတ် ၉ မြောင်းမြလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းနေ ဦးသိန်းအောင်-ဒေါ်အေးမြင့် မိသားစုတို့က ငွေကျပ်သိန်း ၃၀ကို နာယက ဦးတင်ဝမ်နှင့် ဘဏ္ဍာရေးမှူး ဦးကျော်ဇောတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေတောင်၌ အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့

ရွှေတောင် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့စည်းရုံးရေးကော်မတီ၏ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေချီးမြှင့်ခြင်းနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းညွန့်က အမှာစကား ပြောကြားပြီး မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးဉာဏ်နိုင်စိုး(ငြိမ်း)က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ချီးမြှင့်

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းညွန့် **(အပေါ်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၁၄ဦးသို့ တစ်ဦးလျှင်ငွေကျပ် ၃၀၀၀နှုန်း၊ စစ်မှုထမ်းဟောင်း ၃၁ဦးအား စောင်ထောက်ပံ့ခြင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၇၀ကျော်တို့အား ထောက်ပံ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီသို့ ရွှေတောင်အဆင့်မြင့်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်က လှူဒါန်းငွေကျပ်တစ်သိန်း၊ ရွှေတောင်မြို့ ငွေရတနာပန်း အထည်တိုက်ပိုင်ရှင် ဦးအောင်ကြည်၊ လုပ်ငန်းရှင်များဖြစ်ကြသော ဦးမျိုးမြင့်စံမိသားစု၊ ဦးတင်မြင့်မိသားစုနှင့် ဦးခင်မောင်မြင့်မိသားစုတို့က ငွေကျပ်ငါးသောင်းစီကို ပေးအပ်လှူဒါန်းရာ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ကြီးဉာဏ်နိုင်စိုး(ငြိမ်း) လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘက်စုံပညာထူးချွန်ဆု ပေးအပ်ချီးမြှင့်

နေပြည်တော်ပျဉ်းမနား ဇန်နဝါရီ ၈

နေပြည်တော် ပျဉ်းမနားခရိုင် ပညာရေးဌာနက ကြီးမှူး၍ ၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ဘက်စုံပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက်က နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသားကျောင်းသူများက စုံညီပွဲတော် တို့န္တဲပျော်သီချင်းဆို၍ ဖွင့်လှစ်ပြီး နေပြည်တော် ပျဉ်းမနားခရိုင် ပညာရေးမှူးက ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဘာသာရပ်ဆိုင်ရာ ထူးချွန်ဆု၊ ဂီတ၊ ပန်းချီ၊ စာစီစာကုံးဆုများနှင့် အားကစား ထူးချွန်ဆုများကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီးများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(ဝ၉၉)**

မိုးကုတ်စည်ပင် ကြက်ဆူပင်များ ပေါင်းမြက်ရှင်းလင်း

မိုးကုတ် ဒီဇင်ဘာ ၂၅

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက်များပေါ်တွင် ခြံစည်းရိုး ကြက်ဆူပင်ပေါင်း ၆၉၆၀၀ ကို စိုက်ပျိုးပြီးဖြစ်ရာ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ဗမွန်သုသာန်ဟောင်းမြေ ၁ ဒသမ ၂၅ ဧကပေါ်ရှိ စိုက်ပျိုးပြီးကြက်ဆူပင် ၁၃၆၀၀တို့အား ပေါင်းမြက်ရှင်းလင်းခြင်းနှင့် မြေတောင်မြှောက်ပေးခြင်း လုပ်ငန်းများကို ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးဌေးလှိုင် ဦးဆောင်သော ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

မြို့နယ် သတင်းများ

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ငဖဲမြို့ ဦးအောင်ဇေယျလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က အဆိုပါ လမ်းသစ်မုခ်ဦးမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အုံးနှင့် အမှုဆောင်အရာရှိ ဦးသိန်းဌေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် သားကောင်းမိခင်ရွေးချယ်

တောင်တွင်းကြီး ဇန်နဝါရီ ၆

တောင်တွင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲနှင့် သားကောင်းမိခင် ရွေးချယ်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကလေးမိခင်များနှင့် ပြိုင်ပွဲဝင်ကလေးများ စုံညီစွာတက်ရောက်ကြပြီး ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဦး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာနှင့် တာဝန်ရှိသူများက ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

မင်းကွန်းဘိုးဘွားရိပ်သာ နှစ်(၁၀၀)ပြည့်အကြို ဘွားသုမာလာဆောင်သစ် ဖွင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၁၂

မင်းကွန်းဘိုးဘွားရိပ်သာ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အသစ်တည်ဆောက်ပြီးစီးသော ဘွားသုမာလာဆောင်သစ်**(ဝဲပုံ)**ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ရက် နံနက် ၉နာရီက မင်းကွန်းဘိုးဘွားရိပ်သာရှိ အဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က မင်းကွန်းဘိုးဘွားရိပ်သာ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဘိုးဆောင်၊ ဘွားဆောင်အသစ်များ တည်ဆောက်လှူဒါန်းခြင်းနှင့် အသစ်ဆောက်လုပ်မည့် အစီအစဉ်များ၊ မုခ်ဦးများ နှစ်(၁၀၀)ပြည့်အမီ ၁၀နှစ် စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားသည်။

ငါးပါးသီလခံယူ

ထို့နောက် ဘွားသုမာလာဆောင် အလှူရှင်(ဦးသန့်)–ဇနီး ဒေါ်ချစ်ချစ် (မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်)က အဆောင်သစ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဧည့်သည်များက ဘွားသုမာလာဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ ရေစက်ချလှူဒါန်းပွဲကျင်းပရာ တိ=နိ စီမံအုပ်ချုပ်မှု နာယကအဖွဲ့ ပဓာနနာယက ဆရာတော်ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရထံမှ ပရိသတ်များက ငါးပါးသီလခံယူပြီး ရေစက်ချတရားနာယူကြသည်။

စည်ကားစွာကျင်းပမည်

အဆိုပါ ဘွားသုမာလာဆောင်မှာ အလျား ပေ၃၀၊ အနံ ၃၂ပေရှိပြီး အာရ်စီတစ်ထပ်ဖြစ်၍ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၁၅၀၀ကျော်ဖြစ်ပြီး အလှူရှင်မိသားစုက အဘွားများနေထိုင်ရန် ခုတင် ၃၃ လုံး၊ မွေ့ရာနှင့်စောင်၃၃ထည်စီ၊ မင်းကွန်းတိပိဋက ဆရာတော်ကျောင်း ဆေးပဒေသာပင်အတွက် ငွေကျပ်၁၀သိန်း၊ မင်းကွန်းဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ မင်းကွန်းဘိုးဘွားရိပ်သာကို ဘွားဦးဇွန်းက ၁၉၁၅ခုနှစ်တွင် တည်ဆောက်လှူဒါန်း ခဲ့ပြီး ၂၀၁၅ခုနှစ်တွင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလဆန်း ၁၁ ရက်
၁၈–၁–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တသုတ်နှင့်ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တောင်ငူမြို့ ကင်းအိပ်ကျေးရွာမှ ကြက်မွေးမြူရေးလုပ်ငန်း)
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (တုပ်ကွေးကပ်ရောဂါ– ဒေါက်တာခင်မောင်လွင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကျေးဇူးတရား)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) ဆောင်းရတု (စောင်းသိန်းဖေ)
(၂) ဆောင်းအိပ်မက် (နယဉ်သန်းဝင်း)
(၃) နှင်းကဖြင့်မှုန် (ခင်မောင်လွင်)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) သာယာလှပမိသားစုဘဝ (ခေါင်းကြီး)
(၂) ကြက်ဆိုရင် ကျက်အောင်ချက် (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ဝါသနာကိုထားခဲ့ရပြီ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဦးနှောက်အစွမ်း–မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (နှင်းပုလဲပန်း–ကာလပေါ်တူရိယာအဖွဲ့)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင့်သဇင်ညှာ (မောင်မောင်လတ်)
(၂) ပန်ရသည်က မောင့်တစ်ပွင့်ပန်း (ဥမ္မာ)
(၃) ငြင်းပယ်မှာပဲစိုးမိတယ် (ကိုသန်းလှိုင်)

ကျေးလက်ရေပေးရေး လုပ်ငန်းဆောင်ရွက်

မိုးမောက် ဇန်နဝါရီ ၈

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေး လုပ်ငန်းများအနက် မြို့သစ်ကျေးရွာ ကျေးလက်ရေပေးရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင်ကြီးကြပ်ဆောင်ရွက်မှု အခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကန့်ဘလူ မြို့ဘူတာ လမ်းလယ်ကျွန်း သာယာလှပရေး ဆောင် ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်က ရှင်းလင်း တင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဒိုက်ဦး၌ မူကြိုရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်

ဒိုက်ဦး ဇန်နဝါရီ ၆

ဒိုက်ဦးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းရင်သွေးငယ်များ၏ ကာယစွမ်းရည် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ကာယစွမ်းရည် အားကစားရှစ်မျိုးကို ယှဉ်ပြိုင်ကြရာ ဆုရရှိကြသော ရင်သွေးငယ်များအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းအမှုဆောင်များ၊ မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ငွေနှင့် ဆုအလှူရှင်များက တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း တိုက်ကြီး မြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ စတုတ္ထတန်း မြို့နယ်အဆင့်(မြန်မာစာ) ပထမဆုနှင့် ငါးနှစ်ဆက်တိုက် ပထမဆု ရရှိသော မောင်မင်းညီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်လှိုင်က ဆုချီးမြှင့်စဉ်။
(က–ပ)

သဃ်န်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ ၂၀၀၆–၂၀၀၇ အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဓာတုဗေဒဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မခင်လဲ့လဲ့ထွန်းအား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွဲ့က ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်မရ/၃၇၅၂၄ယာဉ်လက်ဝယ်ရှိသူ ဦးပေါင်ရာခုပ် ၅/တမန(နိုင်) ၀၄၆၇၃၀က(ကမ–၃)စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)။**

ကိုးဘွဲ့ရမဟာသိမ်တော်ကြီး

“ဘုရားမှာ စိန်၊ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်”ဆိုတဲ့အတိုင်း သာသနာ့မျိုးဆက်သစ်များကို မွေးထုတ်ပေးရာ သိမ်ကျောင်းတော်ကြီးကို လှူဒါန်းလိုပါက (၁၀)ပေ ပတ်လည်တစ်ခန်းလျှင် ကျပ်(၁၀)သိန်းဖြင့် လှူဒါန်းနိုင်ပါပြီ။ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂) ယုနိုင်းရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၁-၃၀၇၉၅၊ ၀၉-၉၉-၇၀၄၇၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုသန်းအောင်၁၂/ကမရ(နိုင်) ၀၄၂၇၁၆၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၀၆၁၆သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၇၂၁၄၄။**

အမည်ပြောင်း

ဦးပေါ်သိန်း–ဒေါ်မြသိန်းတို့၏ သမီး မတင့်တင့်အိ၁၂/သဃက (နိုင်) ၁၅၉၅၃၈အား ယနေ့မှစ၍ မခင်ထက်ထက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မတင့်တင့်အိ(ခ)ခင်ထက်ထက်ခိုင်။**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

တကောင်းမြို့ ရွှေပေါင်းလေးမျက်နှာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့်အထူးဈေးရောင်းပွဲတော်ကြီး

နှစ်စဉ်ကျင်းပမြဲဖြစ်သော တကောင်းမြို့ ရွှေပေါင်းလေးမျက်နှာဘုရားကြီး၏ တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း၅ရက်မှ တပို့တွဲလဆန်း၁၁ရက် (ဖေဖော်ဝါရီ၁ရက်မှ၇ရက်)အထိတိုင်အောင် မန္တလေးဇာတ်ပွဲသဘင်များဖြစ်သော ကျွန်တော့်သဘင်တင်မိုးဝင်း၊ ၂၀၀၇ခုနှစ် နိုင်ငံတော် အဆို၊ အက၊ အရေး၊ အတီး ရွှေတံဆိပ်ဆုရ မျိုးနန္ဒ မန္တလေးဇာတ်ပွဲများဖြင့် ကပြဖျော်ဖြေခြင်း၊ အမျိုးသား၊ အမျိုးသမီး ခြင်းအလှခတ်ပြပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်၊ ချောတိုင်တက် အစရှိသည့် အားကစားပြိုင်ပွဲ ပျော်ပွဲရွှင်ပွဲများဖြင့်လည်းကောင်း၊ ထီးတော်ကြီးတင်လှူခဲ့သည့် အထိမ်းအမှတ်အဖြစ် တပို့တွဲလဆန်း၅ရက်နေ့တွင် လေးမျက်နှာဆရာတော် အရှင်ပဏ္ဍိတာနန္ဒက စတုဒိသာထမင်းကျွေးမွေး ဧည့်ခံခြင်းအပါအဝင် တကောင်းမြို့ခံ နယ်သူနယ်သားများ၏ အထူးဈေးရောင်းပွဲတော်ကြီးကိုပါ တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဘုရားကြီး၏ဒါယကာ၊ ဒါယိကာမ အပေါင်းအား သာဓုအနုမောဒနာပြုနိုင်စေရန် အကြောင်းကြားသိစေအပ်ပါသည်။

ပွဲတော်ကြီးအစီအစဉ်ကို–

(၁) ၁၃၆၉ခုနှစ် တပို့တွဲလဆန်း၁ရက်မှ ၅ရက်တိုင်အောင် နေ့ညအသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။
(၂) တပို့တွဲလဆန်း၄ရက်၊ ၅ရက်များတွင် ဘုရားကြီးအား ဆွမ်း၊ ဆီမီး၊ ရေ၊ သစ်သီး၊ နံ့သာဆွမ်းတော်ကြီးပွဲများ ကပ်လှူပူဇော်၍ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခြင်း။
(၃) တပို့တွဲလဆန်း၅ရက်မှ ၁၁ရက်အထိတိုင် မန္တလေးဇာတ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘုရားဖူးလာဧည့်ပရိသတ်များအားဧည့်ခံဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ဂေါပကအဖွဲ့
လေးမျက်နှာဘုရားကြီး၊ တကောင်းမြို့။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နမ့်စန်ဓာတ်အားခွဲရုံနှင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းများ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နမ့်စန်ဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားလိုင်းသွယ်တန်းရေးလုပ်ငန်း ဆောင်ရွက်နေသော ဝန်ထမ်းများအား တွေ့ဆုံ၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရမှုအခက်အခဲနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ သတ်မှတ်ပေးထားသောကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✻

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၈) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

<u>ကြည့်ရှုလေ့လာ</u>

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၆၄၀ နှင့် ပြည်ပရတနာကုန်သည် ၂၁၀ တို့ ရောက်ရှိနေကြပြီး ကျောက်မျက်နှင့် ကျောက်စိမ်းများကို ကြည့်ရှုလေ့လာနေကြသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းများကို ဇန်နဝါရီ ၁၇ ရက်အထိ ပြသမည်ဖြစ်ပြီး ရောင်းချပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီ၌ ကျင်းပ၍ ဇန်နဝါရီ ၁၉ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈) တွင် ကျောက်မျက်နှင့် ကျောက်စိမ်းများကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေ ဆောင်း အလှ ပန်းချီ (၁၆-၁-၂၀၀၈)	
လွိုင်လင်	-၁ ဒီဂရီစင်တီဂရိတ်
ဟားခါး	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

17-1 (20) 1 1/17/08, 2:49 AM